မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်၊ သောကြာနေ့၊ အတွဲ(၄၆)၊ အမှတ် (၃၅၁)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

၂၀၀၇ ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် စက်တင်ဘာ ၂၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပသော ၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ ဘောလုံးအားကစားဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ၂၀၀၇ခုနှစ် (၂၃)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲတွင် မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာသည့်မြင်ကွင်းသည် နိုင်ငံတော်အကြီးအကဲ၏ ကျေးလက်နေပြည်သူများအပေါ် ထားရှိသည့် စေတနာပင်ဖြစ်။

ကျေးလက်လူထုတို့အဖို့ သွားလာဆက်သွယ်မှု လွယ်ကူမှုကြောင့် ပညာရေးအသိ၊ ကျန်းမာရေးအသိ၊ စီးပွားရေးအသိများ တိုးပွားလာကြ၊ ဗဟုသုတများ တိုးပွားလာကြသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို တိုးတက်ပြောင်းလဲစေသည့် ကျေးလက်လမ်းများ

ဆတက်ထမ်းပိုး ပိုမိုတိုးတက်လာတော့မည်။ ယင်းအချက်သည် လူမှုစီးပွားဘဝကို တိုးတက် ပြောင်းလဲစေသော ကျေးလက်လမ်းများကြောင့်ပင်ဖြစ်။

အောင်စည်၏ ဆောင်းပါး
(စာ ၄ နှင့် ၅)

ပြည်မြို့နှင့် ဘားအံမြို့ စိုးရိမ်ရေမှတ်ရောက်

ရန်ကုန် စက်တင်ဘာ ၂၀

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ပြည်မြို့တွင် ၂၈၅၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၂၉၀၀ သို့ ရောက်နိုင်ဖွယ်ရာ ရှိသည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၆၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက်၌ ၁၈ စင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ကြေညာထားသည်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၁ ရက်)

မြစ်ရေကြီးမှုအန္တရာယ် ကြိုတင်ကာကွယ်

ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ချောင်းများအတွင်း ရေလျှံမှုဖြစ်ကာ စိုးရိမ်ရေမှတ်များ အထက်၌ ကျော်လွန်လျက်ရှိသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်၊ ချင်းတွင်းမြစ်၊ သံလွင်မြစ်များအတွင်း မြစ်ရေများ တက်ရောက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ထားသည်။ ယင်းမြစ်ရေကြီးခြင်းကြောင့် စစ်ကိုင်း၊ မကွေး၊ မင်းဘူး၊ ဟင်္သာတ၊ မြစ်ငယ်၊ မော်လိုက်၊ ကလေးနှင့်ဘားအံမြို့တို့၌ မြစ်ရေသည် စိုးရိမ်ရေအမှတ်အထက်၌ ရှိကြောင်းသိရသည်။

အဆိုပါ မြစ်ရေမြင့်တက်လာမှု အခြေအနေကြောင့် စစ်ကိုင်းတိုင်း၊ ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းများအတွင်းရှိ မြစ်ကမ်းနားဒေသများ၊ ချင်းတွင်းနှင့် သံလွင်မြစ်များ တစ်လျှောက်ရှိ မြို့ရွာများမှ ပြည်သူများသည် မိုးရာသီသဘာဝဘေး အန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ထားကြရမည် ဖြစ်သည်။

မြစ်ရေကြီးမှုဖြစ်ပေါ်နိုင်သည့် မြို့ရွာများမှ ပြည်သူများသည် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် မြစ်ကမ်းပါးတစ်လျှောက်မပြတ်စစ်ဆေး၍ ရေကင်းများချထားခြင်း၊ သဲအိတ်၊ ကျောက်အိတ်များ စုဆောင်းထားရှိခြင်း၊ ရေဘေးကာကွယ်ရေး၊ ကယ်ဆယ်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိခြင်းတို့ကို အလေးအနက်ထား လုပ်ဆောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ ရေကြီးရေလျှံမှုများကြောင့် မြို့ရွာများအတွင်း ရေဝင်ရောက်ခြင်း၊ လမ်းတံတားများ ပျက်စီးခြင်း၊ ဆက်သွယ်သွားလာမှု ပြတ်တောက်ခြင်းများ ဖြစ်ပေါ်လာနိုင်သဖြင့် မြို့ရွာအသီးသီးရှိ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းကာ မြစ်ရေကြီးမှုအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သမိုင်းဝင် ကျိုက်ခိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ခိုင်းစေတီတော်မြတ်ကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် ရန်ကုန်တိုင်း လသာမြို့နယ် စဥ့်အိုးတန်း အမှတ်(၂၀)နေ ဦးမြင့်သိန်း၊ ဦးမြင့်ဆွေတို့အား ရည်းစူး၍ ဒေါ်ညိုမိသားစု၊ ဒေါ်ခင်ခင်အုံးမိသားစုနှင့် ဦးကျော်ထွန်း-ဒေါ်သန်းသန်းမြင့်(စိန်ခေါက်ဆွဲ)မိသားစုတို့က ငွေကျပ်နှစ်သိန်းကိုလှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးမောင်မောင်အေး၊ ဦးထွန်းနှင့်ဦးအေးမြင့်တို့က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကအဖွဲ့ရုံး ဖုန်း- ၆၆၀၀၀၆၊ ၇၁၀၃၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မွန်ပြည်နယ် မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း တက်ရောက် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၂၀

မွန်ပြည်နယ် ၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက်က မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းက အမှာစကား ပြောကြားပြီး မွန်ပြည်နယ် ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဧည့်သည်များသည် အကပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် တိုင်းမှူးနှင့် ဇနီးတို့သည် အကဲဖြတ်ဒိုင်များ၊ ပြိုင်ပွဲဝင်အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြပြီး အကပြိုင်ပွဲဝင်များအား ဂုဏ်ပြုထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးသည်အဖွဲ့ဝင်များလိုက်ပါ၍ မော်လမြိုင်မြို့ရှိ ပညာရေးကောလိပ်၌ ကျင်းပသော အတီးပြိုင်ပွဲကိုလည်းကောင်း၊ မော်လမြိုင်မြို့ရှိ မွန်ယဥ်ကျေးမှုပြတိုက်၌ကျင်းပသည့် အရေးပြိုင်ပွဲကိုလည်းကောင်း၊ မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ယင်းမာခန်း၌ ကျင်းပသော အဆိုပြိုင်ပွဲကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲဝင်အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးကာ ဂုဏ်ပြုထောက်ပံ့ငွေများကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(သတင်းစဥ်)**

မြဝတီ ရုပ်မြင်သံကြား

၂၁-၉-၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဥ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဥ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဥ်
- ၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄:၃၅ ၅။ နားဝင်ငြိမ့်စီး သီချင်းကြီး
- ၄:၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅:၂၅ ၇။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၅:၃၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆:၂၅ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၆:၄၀ ၁၂။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၆:၄၅ ၁၃။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း-၂၃)
- ၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ စိုက်ပျိုးသုတ
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း-၂၈)

မိုးကုတ် သံဝေဇနီယ တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ် သွေးဆေးကန်အနီး မူလကမ္ဘာအေးလေးကျောင်းတိုက်(မိုးကုတ်သံဝေဇနီယ ဓမ္မပူဇာအဖွဲ့)တွင် အောက်တိုဘာ ၆ရက်(စနေနေ့)မှ ၁၀ရက်(ဗုဒ္ဓဟူးနေ့)အထိ (၁၆)ကြိမ်မြောက် မိုးကုတ်သံဝေဇနီယ ဓမ္မပူဇာနေ့တရားစခန်းကို နေ့စဥ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ကျင်းပမည်ဖြစ်သည်။

ရှင်းလင်းဆွေးနွေး

တရားစခန်းတွင် မိုးကုတ်ဆရာတော်ကြီး၏ တရားတော်နှင့် လုပ်ငန်းစဥ်များကို တိုက်ရိုက်နာယူကျင့်ကြံအားထုတ်ကြမည်ဖြစ်ရာ ကျောင်းထိုင်ဆရာတော် ဦးဝိမလနှင့် ဆရာမဒေါ်အေးအေးခိုင်(ဆုထူးပန် အဘိဓမ္မာ)တို့က တရားတော် အနှစ်ချုပ် စာစောင်များဖြန့်ဝေ၍ ကြိုတင်ပေါင်းကူး ရှင်းလင်းဆွေးနွေးပေးမည် ဖြစ်သည်။

ဆက်သွယ်နိုင်

တရားစခန်းဝင်လိုသူယောဂီများသည် ဆရာတော်ဦးဝိမလနှင့် အရှင်သုစိတ္တ ဖုန်း-၃၈၂၂၈၆၊ ၀၉-၈၀၃၂၇၇၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

မင်္ဂလာဈေး ဓမ္မာရုံ အထူးတရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၀

အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်းတိုက် ပြည်တွင်းပြည်ပ သာသနာပြု မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ အရှင်မြတ်သည် စက်တင်ဘာ ၂၃ရက်မှ ၂၅ရက်အထိ သုံးရက်တိုင်တိုင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်အနီး ကြေးသွန်းဘုရားကြီးရှေ့ ကြားတောရလမ်း မင်္ဂလာဈေးဓမ္မာရုံတွင် ခန္ဓာဉာဏ်ရောက် ဝိပဿနာအထူးတရားပွဲကို ညစဥ်၇နာရီမှ စတင်၍ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ထူးချွန်ထက်မြက်သော မျိုးဆက်သစ် လူငယ်ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများသို့ ဘောလုံးအားကစားပစ္စည်းများ ထောက်ပံ့ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မျိုးဆက်သစ်လူငယ်ဘောလုံးအားကစားသမားများ ပေါ်ထွန်းရေး အခြေခံပညာကျောင်းများသို့ ဘောလုံးအားကစားပစ္စည်းများ ထောက်ပံ့

မြန်မာ့ဂုဏ်ဆောင် မြန်မာအမျိုးသမီးဘောလုံးအသင်းအားဂုဏ်ပြု

ရန်ကုန် စက်တင်ဘာ ၂၀

ထူးချွန်ထက်မြက်သော မျိုးဆက်သစ်လူငယ်ဘောလုံးအားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့မှ ရန်ကုန်တိုင်းအတွင်းရှိ အခြေခံပညာကျောင်းများသို့ ဘောလုံးအားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ၂၀၀၇ခုနှစ် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီး တံခွန်စိုက်ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကြီးဆွတ်ခူးပေးခဲ့သော မြန်မာ့ဂုဏ်ဆောင် မြန်မာအမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် ရန်ကုန်တိုင်း အမျိုးသမီးအားကစားအဖွဲ့ ဦးဆောင်နာယက ဒေါ်မာမာဝေတို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းအတွင်းရှိ မူလတန်းကျောင်း ၈၉၂ ကျောင်း၊ အလယ်တန်းကျောင်း ၆၂၁ ကျောင်းနှင့် အထက်တန်းကျောင်း ၂၇၁ ကျောင်း စုစုပေါင်း ၁၇၈၄ ကျောင်းအတွက် တစ်ကျောင်းလျှင် ပြည်တွင်းဖြစ်ဘောလုံး ငါးလုံး၊ နိုင်ငံခြားဖြစ်ဘောလုံးတစ်လုံး၊ ပြည်တွင်းဖြစ်ဘော်လီဘောတစ်လုံးစီတို့ကို တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က ပေးအပ်ထောက်ပံ့ရာ ရန်ကုန်တိုင်း အတွင်းရှိ ခရိုင်လေးခရိုင် ကိုယ်စားပြု ၁၃ နှစ်အောက်နှင့် ၁၆ နှစ်အောက် လက်ရွေးစင် အားကစားသမားများနှင့် ခရိုင်ပညာရေးမှူးများက လက်ခံကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်းအမျိုးသမီးအားကစားအဖွဲ့ ဦးဆောင်နာယက ဒေါ်မာမာဝေက ၂၀၀၇ ခုနှစ် တတိယအကြိမ်မြောက် အာဆီယံအမျိုးသမီး တံခွန်စိုက် ဘောလုံးပြိုင်ပွဲတွင် ချန်ပီယံဆုဖလားကြီး ဆွတ်ခူးပေးခဲ့သော မြန်မာအမျိုးသမီး ဘောလုံးအသင်းအား ဂုဏ်ပြုဆုငွေကျပ် ၂၅ သိန်း ပေးအပ်ချီးမြှင့်ရာ မြန်မာအမျိုးသမီးဘောလုံးအသင်းအုပ်ချုပ်သူ ဒေါ်မြတ်မြတ်ဦးနှင့် အားကစားသမားများက လက်ခံကြသည်။

ကျေးဇူးတင်စကား

ဆက်လက်၍ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့အခမ်းအနားတွင်ထောက်ပံ့လှူဒါန်းသော ပြည်တွင်းဖြစ် ဘောလုံး ၈၉၂၀ နှင့် ဘော်လီဘော ၁၇၈၄ လုံးတို့ကို ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ထောက်ပံ့လှူဒါန်း၍ နိုင်ငံခြားဖြစ်ဘောလုံး ၂၇၁ လုံးကို မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ထောက်ပံ့လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၉-၂၀၀၇ (သောကြာနေ့)

AM & PM

၇း၀၀ – ၁း၀၀	MRTV-4အဖွင့် Logo ယနေ့အစီအစဉ်
၇း၀၅ – ၁း၀၅	"လူ့တာဝန်"တရားတော် (ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသ)
၈း၀၀ – ၂း၀၀	ကျောင်းကျန်းမာရေး ရက်သတ္တပတ် (သွားနှင့်ခံတွင်း ကျန်းမာရေး)
၈း၁၅ – ၂း၁၅	တေးဂီတအစီအစဉ်
၈း၂၀ – ၂း၂၀	Myanmar Video Rhythm
၈း၅၀ – ၂း၅၀	လောက်လမ်းနှင့် ခြင်ကင်းဝေးရေး ဆေးဖျန်းနှိမ်နင်းပေး သွေးလွန်တုပ်ကွေး ပပျောက်ရေး
၉း၁၀ – ၃း၁၀	တေးဂီတအစီအစဉ်
၉း၁၅ – ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ – ၃း၂၅	ယနေ့ သိပ္ပံနှင့်နည်းပညာ
၉း၃၅ – ၃း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၀ – ၃း၄၀	ငြိမ့်ညောင်းသာယာရှုမဝ မြန်မာ့ဂီတ၊ မြန်မာ့အက
၉း၅၀ – ၃း၅၀	မိုးလေဝသခန့်မှန်းချက်
၉း၅၅ – ၃း၅၅	Shopping Guide (GAEA)
၁၀း၂၀ – ၄း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅ – ၄း၂၅	စာပေပညာရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်း (ဒေါ်စောမုံညင်း)
၁၀း၄၀ – ၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅ – ၄း၄၅	မြန်မာစာ မြန်မာစကား
၁၁း၀၅ – ၅း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅ – ၅း၁၅	ဝင်ငွေတိုးစေဖို့ တီလားပီးယားငါးမွေးကြစို့
၁၁း၃၅ – ၅း၃၅	နိုင်ငံတကာသတင်း အကျဉ်း
၁၁း၄၀ – ၅း၄၀	ဒီဇိုင်းရိုက်နှိပ်ပုံဖော် Cap P P Board အပေါ်
၁၁း၅၅ – ၅း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀ – ၆း၀၀	Business Talk (ပြင်ဦးလွင်အကြောင်း သိကောင်းစရာ) (ဦးစိုးမြင့်နှင့် တွေ့ဆုံခြင်း)
၁၂း၂၅ – ၆း၂၅	ဆီထွက်သီးနှံများထဲမှ "ဆီအုန်း"
၁၂း၄၀ – ၆း၄၀	တေးဂီတအစီအစဉ်
၁၂း၄၅ – ၆း၄၅	MRTV-4 စာအုပ်စင်ကဏ္ဍ [အဖြူရောင် ပိတောက်ပို့ ကဗျာစာအုပ်ရေးသားထုတ်ဝေ သူ ယဉ်မင်းဦး(ဆေးတက္ကသိုလ်) နှင့် တွေ့ဆုံခြင်း]
၁း၀၀ – ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအဂ္ဂညာဏ တရားပွဲ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စ နိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် တော်သလင်းလပြည့် (စက်တင်ဘာ ၂၆ ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂ နာရီတွင် မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် ပဓာနနာယကဆရာတော် ရန်ကင်းမြို့နယ် ဘုရားကလေးကျောင်းတိုက် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တအဂ္ဂညာဏ ဆရာတော်က မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ပြီး ဆရာတော်အား တပည့် ဒါယကာ၊ ဒါယိကာမများက ဝါဆိုသင်္ကန်း၊ ထီး၊ ဖိနပ်၊ ယပ်စသည့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ **(က-ပ)**

ဆုချီးမြှင့်

စက်တင်ဘာ ၉ ရက်က အင်းစိန်မြို့နယ် အမက(၃၉) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ပိုက ဘာသာစုံထူးချွန်ပထမနှင့် ပညာရည်ချွန် ပထမဆုရရှိသူ တတိယတန်းမှ မရတနာထွန်းအား ဆုချီးမြှင့်စဉ်။ (က-ပ)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

နှစ်ရှည်ပင်စိုက်ပျိုးပွဲ ထီးလင်း၌ ကျင်းပ

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် နှစ်ရှည်သစ်ပင် စိုက်ပျိုးပွဲများကို ဇူလိုင် ၁၄ ရက်က သရခါးအောင်း ကျေးရွာများအနီးရှိ လမ်းဘေးဝဲယာ နေရာများတွင်လည်းကောင်း၊ ဇူလိုင် ၂၁ ရက်တွင် ပုဏ္ဏား၊ ထန်းပင်ကုန်း၊ တလင်းကျေးရွာ အနီးရှိ လမ်းဘေးဝဲယာ နေရာများတွင် လည်းကောင်း၊ ဇူလိုင် ၂၈ ရက်တွင် ထီးလင်းမြို့ အဝင်အထွက် လမ်းဘေးဝဲယာနေရာများတွင် လည်းကောင်း ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ ပါဝင်စိုက်ပျိုးကြပြီး မယ်ဇလီ၊ ကုက္ကို၊ သရက်၊ ပိန္နဲ၊ မန်ကျည်းပင်များ စုစုပေါင်း ၁၂၆၀၀ ကို စိုက်ပျိုးကြကြောင်း သိရသည်။ (၂၇၃)

ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ဖန်းမော်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်သည့်အခမ်းအနားကို ဩဂုတ် ၂၂ရက် နံနက် ၈နာရီက ဗန်းမော်မြို့ ကမ်းသာဦးရေဆိပ်တွင်ကျင်းပရာ ဗန်းမော်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက အမှာစကားပြောကြားပြီး ကချင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးအယ်တူးရိန်က ငါးမျိုးစိုက်ထည့်ခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဗန်းမော်ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ညွန့်မေက ငါးမျိုးစိုက်ထည့်မည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အင်းလုပ်ငန်းရှင်များက ဧရာဝတီမြစ်အတွင်းသို့ ငါးမှုန် ၂၅သိန်း၊ ငါးသန် နှစ်သိန်းငါးသောင်းကို စိုက်ထည့်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကိုယ်ဝန်ဆောင်မိခင်များ အသိပညာပေးဟောပြော

ချင်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကိုယ်ဝန်ဆောင်မိခင်များ ကျန်းမာရေး အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဩဂုတ် ၃၁ ရက် နံနက် ၁၀ နာရီက ထန်တလန်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါက အမှာစကား ပြောကြားပြီး အသင်းအမှုဆောင်များက ကိုယ်ဝန်ဆောင် မိခင်များ သိကောင်းစရာ ဟောပြော ဆွေးနွေးကြကာ ကိုယ်ဝန်ဆောင် မိခင်များအား အိုင်အိုဒင်းဆား အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ရင်ပေါင်တိုင်ကျေးရွာ၌ ပညာပေး ဟောပြောပွဲ ကျင်းပ

မုံရွာခရိုင် ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ကျေးရွာ ရွှေတန်းဆာဘုရားကြီး ဓမ္မာရုံ၌ ဩဂုတ် ၁၁ ရက် မွန်းလွဲ ၁ နာရီက အသိပညာပေး ဟောပြောပွဲကျင်းပရာ ဒုတိယ မြို့နယ် တရားသူကြီးဦးမြင့်စိုးက ဥပဒေရေးရာသိကောင်းစရာများနှင့် မိုးစပါး၊ ခြံစည်းရိုးကြက်ဆူတို့ကို စီမံကိန်းလျာထားချက်အတိုင်း ပြည့်မီစွာ စိုက်ပျိုးကြရေး တို့ကိုလည်းကောင်း၊ ရင်ပေါင်တိုင်ရဲကင်းမှူးတပ်ကြပ်မြင့်ဆွေက မူခင်းကျဆင်းရေးနှင့်ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးမှူးဦးစိန်ဋ္ဌေးက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းက ရင်ပေါင်တိုင်ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်တို့ကို ရှင်းလင်းပြောကြားပြီး ကျေးရွာဥက္ကဋ္ဌဦးဗိုလ်ဦးက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကန့်ဘလူ၌ ကျောင်းကျန်းမာရေးစစ်ဆေး

ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ဦးကျော်၊ အမျိုးသမီးကျန်းမာရေး ဆရာမ ဒေါ်ခင်မေရီ၊ သားဖွားဆရာမ ဒေါ်ညွန့်ရင်နှင့် ဒေါ်သီတာတို့အဖွဲ့သည် ဩဂုတ် ၁၄ ရက် နံနက်က ကန့်ဘလူမြို့နယ် နတ်အင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ကြပြီး ကြွက်ခြင်းယင်တို့၏ အန္တရာယ်နှင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါတို့ကို အသိပညာပေးဟောပြောကြသည်။

ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ် စိုပြည်သာယာလှပရေး၊ ကျောင်းသား ကျောင်းသူလေးများ အာဟာရအကြောင်း သိနားလည်စေရေး၊ အသက်အရွယ် အလိုက် အရပ်အမောင်းနှင့် ကိုယ်အလေးချိန် ပြည့်မီကိုက်ညီစေရေး တို့ကိုလည်း စစ်ဆေးဆောင်ရွက်ကြောင်း သိရသည်။ (၀၅၆)

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝကို တိုးတက်ပြောင်းလဲစေသည့် ကျေးလက်လမ်းများ

အောင်စည်

ကျေးလက်နေပြည်သူတို့၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်ရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတာဝန်ကြီး (၅)ရပ်ကို နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

- **ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊**
- **ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊**
- **ကျေးလက်နေပြည်သူများ၏ ပညာရည်အဆင့်အတန်းမြင့်မား တိုးတက်စေရေး၊**
- **ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု မြင့်မား တိုးတက်စေရေး၊**
- **ကျေးလက်ဒေသအတွင်း စိုက်ပျိုးရေးကို အခြေခံသည့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး၊**

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် ဝန်ကြီးဌာန အသီးသီးသည် နိုင်ငံတော်က ချမှတ်ထားသော လုပ်ငန်းတာဝန်ကြီးများကို ဦးလည်မသုန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြပါသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေးတို့ကို အဓိကလုပ်ငန်းတာဝန်အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး ကျေးလက်ဒေသ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

ဆင်ပေါင်ဝဲမြို့နယ် ကုန်းဘိုကျေးရွာအနီး ဖရုံချောင်းအား ရေကျော် (ပေ ၇၀၀ x ၁၈ ပေ) တည်ဆောက်ထားစဉ်။

ကျေးလက်နှင့်ကျေးလက်၊ ကျေးလက်နှင့်မြို့ပြ ရာသီမရွေး ကူးလူးဆက်ဆံနိုင်သော လမ်းများသည် နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည် တစ်ပြည်အတွက် အရေးပါသောလမ်းများ ဖြစ်သည်။ လမ်းများကောင်းမွန်ခြင်းနှင့် လမ်းများပြည့်စုံခြင်းသည် ဒေသအတွင်း နေထိုင်ကြသော ပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်သည့် အချက်ပင် ဖြစ်သည်။ ဆက်သွယ်သွားလာမှု လွယ်ကူခြင်းသည် ဒေသခံပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကို အထောက်အကူ ဖြစ်စေသည်၊ ကျယ်ပြန့်စေသည်၊ မြင့်မားစေသည်မှာ အမှန်မုချ ဖြစ်ပါသည်။

တောင်တွင်းကြီးမြို့နယ် ရေပြည့်ကျေးရွာအနီး ညောင်ချောင်းကို ဖြတ်ကျော်၍ သစ်သားတံတား (ပေ ၁၂၀ x ၁၄ ပေ)ကို ဤသို့ တည်ဆောက်ထားသည်။

ဝန်ကြီးဌာန၏ ဦးစီးဌာနတစ်ခုဖြစ်သော စည်ပင်သာယာရေး ဦးစီးဌာနသည် မြို့ပြနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ၊ သန့်ရှင်းသပ်ရပ် သာယာလှပစေရေး လုပ်ငန်းများ၊ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးလုပ်ငန်းနှင့် ကျေးလက်အိမ်ရာ တည်ဆောက်ပေးရေး လုပ်ငန်းများကိုပါ တာဝန်ယူ ဆောင်ရွက်လျက် ရှိပါသည်။

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်နှင့် ရေအောက်သယံဇာတများ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး အားနည်းခဲ့မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့ရသည်။ စစ်ကိုလိုနီခေတ်ကာလအတွင်း တည်ဆောက်ထားသော လမ်းများကိုသာ ပြန်လည်ပြုပြင်၍ သွားလာနေကြရသည်။ လွတ်လပ်ရေးရပြီးသည့် နှစ်ပေါင်း(၂၀)နီးပါး ကာလအတွင်း လမ်းသစ်များပေါ်ထွန်းလာခဲ့ခြင်းမရှိပါ။

ယင်းနောက်ပိုင်းကာလတွင် ပုသိမ်-မုံရွာ-ရေဦးလမ်းမကြီး တည်ဆောက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် မြို့ပြနှင့် ကျေးလက်လူထုများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ပြီး ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးကို ရှေးရှု၍ တည်ဆောက်ပြီးစီးခဲ့သည့် လမ်းမကြီးများ အစဉ်အမြဲကောင်းမွန်ရေး၊ ဖောက်လုပ်ရန် လိုအပ်သည့် လမ်းမကြီးများ ပေါ်ပေါက်လာရေးကို ဦးတည်၍ အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၀၇ခုနှစ် မတ်လ ၁၇ရက်တွင် ဧရာဝတီတိုင်း ပုသိမ်ခရိုင် ငွေဆောင်မြို့၌ အရှည်ပေ ၄၅၀၀ ရှိသော ကတ္တရာလမ်းသစ်ကိုလည်းကောင်း၊ မတ်လ ၂၅ရက်တွင် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်၌ ၂ မိုင် ၃ ဖာလုံရှည်သော ကတ္တရာလမ်းသစ်ကိုလည်းကောင်း၊ မတ်လ ၂၈ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့နယ်၌ အရှည်ပေ ၁၄၅၀ရှိသော မြင်းခြံ-သာပေါင်း ကတ္တရာလမ်းသစ်ကိုလည်းကောင်း၊ မတ်လ ၃၀ရက်တွင် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ်၌ အရှည် ၁ မိုင် ၂ ဖာလုံရှိသော ကျေးလက်ကျောက်ချော လမ်းသစ်ကိုလည်းကောင်း၊ မေလ ၁၀ရက်တွင် ဧရာဝတီတိုင်း မအူပင်မြို့နယ်၌ အရှည်ပေ ၃၅၅၀ရှိသော ကျေးရွာချင်းဆက် ကျောက်ချောလမ်းသစ်ကိုလည်းကောင်း၊ မေလ ၆ရက်တွင် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ်နှင့် ပန်းတနော်မြို့နယ်၌ အရှည် ၂ မိုင် ၂ ဖာလုံရှိ ဓနိဖြူကုန်း-သဇင် ရေကျော် ကျောက်ချော လမ်းသစ်နှင့် အရှည် ၄၃၆၅ ပေရှိ ကတ္တရာလမ်းသစ်တို့ကိုလည်းကောင်း၊ မေလ ၂၈ရက်တွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင်၌ အရှည်ပေ ၁၇၅၀ရှိ ကတ္တရာလမ်းသစ်တို့ကို ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်က ၂၀၀၇ ခုနှစ်အတွင်း ကျေးလက်နှင့်ကျေးလက်၊ ကျေးလက်နှင့် မြို့ ဆက်သွယ်သည့် လမ်းမိုင် ၂၀ ကျော် ဖောက်လုပ်ပေးနိုင်ခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

ရန်ကုန်အနောက်ပိုင်းခရိုင်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို စက်တင်ဘာ ၁၇ရက် မွန်းလွဲ၁နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံသီရိခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် ရန်ကုန် အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်က အမှာစကားပြောကြားပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အထိမ်းအမှတ် ပဟေဠိပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများချီးမြှင့်သည်။

ယင်းနောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အနောက်ပိုင်းခရိုင်အတွင်း မြို့နယ်(၁၃)မြို့နယ်မှ ကိုယ်ဝန်ဆောင်မိခင် ၃၀တို့အား သံဓာတ်ဆေးပြားနှင့် ဗီတာမင်(ဘီဝမ်း) အိုင်အိုဒင်းဆား၊ ပဲနီလေးများဝေငှပြီး မွေးကင်းစမှ ငါးနှစ်အထိ ကလေးငယ် ၃၀တို့အား ဗီတာမင်အေဆေးလုံးများကို တိုက်ကျွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

စက်တင်ဘာ ၁၈ရက်က အာဆီယံအကောက်ခွန် စွမ်းဆောင်ရည်မြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံသောင်း အမှာစကားပြောကြားစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

စာမျက်နှာ ၄ ဆောင်းပါးမှ အဆက်

ကျေးလက်နှင့်ကျေးလက်၊ ကျေးလက်နှင့်မြို့ပြ ရာသီမရွေး ကူးလူးဆက်ဆံနိုင်သော လမ်းများသည် နိုင်ငံတစ်နိုင်ငံ၊ တိုင်းပြည် တစ်ပြည်အတွက် အရေးပါသော လမ်းများဖြစ်သည်။ လမ်းများကောင်းမွန်ခြင်းနှင့် လမ်းများပြည့်စုံခြင်းသည် ဒေသအတွင်း နေထိုင်ကြသောပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်သည့် အချက်ပင်ဖြစ်သည်။ ဆက်သွယ်သွားလာမှု လွယ်ကူခြင်းသည် ဒေသခံပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကို အထောက်အကူဖြစ်စေသည်၊ ကျယ်ပြန့်စေသည်၊ မြင့်မားစေသည်မှာ အမှန်မုချ ဖြစ်ပါသည်။

လမ်းပန်းဆက်သွယ်မှုတွင် ရှိသင့်ရှိထိုက်သည့် အင်္ဂါရပ်များရှိသည်။ ထိုအင်္ဂါရပ်များမှာ "လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ခြင်းဖြင့် အချိန်ပြုန်းတီးမှု၊ စက်ကိရိယာပြုန်းတီးမှုနှင့် စက်သုံးဆီပြုန်းတီးမှုတို့ကို လျော့နည်းကျဆင်းစေသည့် အင်္ဂါရပ်ပင်ဖြစ်သည်" ယခင်က မြို့ပြနှင့် ကျေးလက်နေပြည်သူများ မြို့ပြဒေသနှင့် ကျေးလက်ဒေသ ကူးလူးဆက်ဆံရာတွင် ခြေကျင်ခရီး၊ လှည်း၊ မြင်း စသည်တို့ဖြင့် သွားလာရပြီး အချိန်များများအသုံးပြုရသည်။ လမ်းပန်းဆက်သွယ်ရေး အားနည်းနေမှုကြောင့် သွားလာမှုခက်ခဲ၍ ကျေးလက်နေပြည်သူများ ပညာရည် အဆင့်အတန်း၊ ကျန်းမာမှုအဆင့်အတန်းနှင့် စီးပွားရေးအဆင့်အတန်း နိမ့်ကျရသည်။ လူနေမှုဘဝတစ်ခုလုံးပါ နိမ့်ပါးခဲ့သည့်ဘဝနှင့် ကြုံတွေ့ခဲ့ ကြရသည်။

၁၉၈၈ခုနှစ်တွင် မြန်မာနိုင်ငံ တစ်ဝန်း လုံး၌ ကျေးလက်နှင့် မြို့ပြ လမ်းမိုင် စုစုပေါင်း ၁၃၆၃၅မိုင် ရှိခဲ့ရာမှ တပ်မတော် အစိုးရ လက်ထက်တွင် လမ်းမိုင်စုစုပေါင်း ၁၉၀၄၁မိုင် ရှိလာခဲ့ပြီဖြစ်၍ လမ်းမိုင် ၅၄၀၆ မိုင် တိုးချဲ့ ဖောက်လုပ်ပေးနိုင်ခဲ့။

နတ်မောက်မြို့နယ်အပိုင်းတွင် ကတ္တရာလမ်းအဆင့်ထိ အဆင့်မြှင့် ဆောင်ရွက်ထားသည်။

"နိုင်ငံတော်အကြီးအကဲသည် ကျေးလက်နေပြည်သူများ၏ဘဝကို စာနာထောက်ထားပြီး လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရန် မှန်ကန်မွန်မြတ်သောစေတနာဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ကြီး (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်စေခြင်းပင်ဖြစ်ပေသည်" လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေခြင်း အကျိုးဆက်များ ရရှိခံစားနိုင်ရန် နိုင်ငံတစ်ဝန်း ပြည်နယ်၊ တိုင်းအသီးသီး၊ မြို့နယ်အသီးသီးနှင့် ကျေးရွာအသီးသီးတို့တွင် ဟန်ချက်ညီညီဖြင့် တစ်ပြိုင်တည်း လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ လှုပ်ရှားဆောင်ရွက်မှုတွင် ရှည်လျားဖြောင့်တန်းသော ခရိုင်ချင်းဆက် လမ်းမကြီးများနှင့် ဒေသအတွင်း၊ လမ်းမကြီးများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည်။ မြို့နယ်များ၏ အစွန်အဖျားဒေသတွင်ရှိသော ဖွံ့ဖြိုးတိုးတက်မှုနည်းပါးသည့် ကျေးရွာများကို ဖြတ်သန်းစေပြီး ဦးစားပေးဖောက်လုပ်ခဲ့ပါသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်မြို့များသို့ ဆက်သွယ်မှုကောင်းမွန်စေရန် ခရိုင်ချင်းဆက် လမ်းအမှတ်(၁)ကို ရန်ကုန်တိုင်း၊ ပဲခူးတိုင်း(အနောက်)၊ မကွေးတိုင်းနှင့် မန္တလေးတိုင်းတို့မှ မိမိတို့ နယ်နိမိတ်အတွင်း ဖြတ်သန်းသည့် လမ်းကြောင်းအသီးသီးကို စီမံကိန်းကာလ အစအဖြစ် ၂၀၀၂–၂၀၀၃ ဘဏ္ဍာရေးနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့သည် မကွေးတိုင်းနှင့် ပဲခူးတိုင်း ထိစပ်နယ်မြေ ပို့ဂွင့် ၈၇၇မှ မကွေးနှင့် မန္တလေးတိုင်းနယ်စပ် အိုင်မနက်ချောင်းအထိ လမ်းကြောင်းအရှည် ၁၃၂ မိုင် ၆ ဖာလုံကို တာဝန်ယူဆောင်ရွက်ရသည်။ မကွေးတိုင်းအတွင်း ၁၃၂ မိုင် ၆ ဖာလုံအနက် ၅၇ မိုင် ၃ ဖာလုံမှာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တည်ဆောက်ပြီးဖြစ်၍ လမ်းကြောင်းအရှည် ၇၅ မိုင် ၃ ဖာလုံကို မြေတိုင်းတာ ပုံထုတ်ခြင်း၊ တစ်ကြောင်းထိုးလုပ်ငန်း၊ မြေသားလမ်းလုပ်ငန်း၊ ကျောက်ချောခင်းခြင်းလုပ်ငန်းနှင့် ကတ္တရာလမ်းအဖြစ် တည်ဆောက်ခြင်း လုပ်ငန်းအပြင် လမ်းကြောင်းပေါ်တွင် တံတားများ၊ ရေပြွန်များ၊ ရေကျော်များနှင့် ကျောက်စီရေမြောင်းများ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်ကုန်တွင် ကျောက်ခင်းလမ်းပြီးစီးပြီးဖြစ်သည့်အပြင် နတ်မောက်မြို့နယ်အတွင်း ကတ္တရာလမ်း ၁၄ မိုင် ၄ ဖာလုံကို တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။ ကတ္တရာလမ်းအဖြစ်တည်ဆောက်ရန် ကျန်သည့် လမ်းအပိုင်း မိုင်၆၀ ၂ဖာလုံကို ဆက်လက်တည်ဆောက်သွားမည်ဖြစ်သည်။ မကွေးတိုင်းအတွင်း ဖောက်လုပ်သည့် ခရိုင်ချင်းဆက်လမ်းအမှတ်(၁)သည် ပြည်–မကွေး–မန္တလေးကားလမ်းနှင့် ပဲခူးရိုးမအကြား မြို့နယ်များ၏ အစွန်အဖျားကျသော ကျေးလက်ဒေသများကို ဖြတ်သန်းဖောက်လုပ်ထားခြင်း ဖြစ်သည်။

ယခုခရိုင်ချင်းဆက်လမ်းဖောက်လုပ်ခဲ့ခြင်း အကျိုးကျေးဇူးကြောင့် ယင်းဒေသရှိ ကျေးလက်နေ ပြည်သူများ၏ဘဝသည် တစ်မုဟုတ်ချင်း ပြောင်းလဲနိုင်ခဲ့ပြီဖြစ်သည်။ ကျေးလက်နေပြည်သူများအနက် အချို့သော ပြည်သူများနှင့် ကလေးသူငယ်များ၏ မြင်ကွင်းတွင် မော်တော်ဆိုင်ကယ်၊ မော်တော်ကား မမြင်ဖူးသည့် လူနေမှုဘဝမှ "ဟွန်ဒါ၊ လော့ဂျာ၊ ဂျာလိန်း၊ ဟန်စိန်း၊ လွယ်စိန်း၊ ကန်ဘို၊ ရှန်ဟဲ" စသည့် အရောင်အသွေးစုံလင်သော မော်တော်ဆိုင်ကယ်အမျိုးမျိုးကို မြင်တွေ့လာကြရပြီး ထော်လာဂျီ၊ ဟိုင်းလပ်၊ ဒိုင်နာ၊ တိုယိုတာ၊ ဟီးနိုး၊ ဂျစ် စသည့်မော်တော်ကားအမျိုးမျိုးကို မြင်တွေ့လာရပြီဖြစ်သည်။ ယခင်က လယ်ယာထွက်ကုန်ပစ္စည်းအမျိုးမျိုးကို လှည်းဖြင့် ညအိပ် ညဉ့်နေ သွားလာကူးသန်းကာ ပို့ဆောင်ရသော လူမှုဘဝမှ ကုန်ပစ္စည်းအမျိုးမျိုး ကူးသန်းရောင်းဝယ်မှုကို ခရိုင်ချင်းဆက်လမ်းပေါ်တွင် မော်တော်ကားအမျိုးမျိုးပေါ် တင်ဆောင်၍ သွားလိုရာသို့ အချိန်တိုတိုနှင့် ဥဒဟိုဖြတ်သန်းသယ်ဆောင်နေသည်ကို တွေ့မြင်လာရပြီဖြစ်သည်။

၁၉၈၈ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကျေးလက်နှင့်မြို့ပြ လမ်းမိုင် စုစုပေါင်း ၁၃၆၃၅မိုင် ရှိခဲ့ရာမှ တပ်မတော်အစိုးရ လက်ထက်တွင် လမ်းမိုင်စုစုပေါင်း ၁၉၀၄၁မိုင် ရှိလာခဲ့ပြီဖြစ်၍ လမ်းမိုင် ၅၄၀၆ မိုင် တိုးချဲ့ဖောက်လုပ်ပေးနိုင်ခဲ့သည်။

ယင်းသို့ မြို့ပြသာမက ကျေးလက်တောရွာအရောက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသဖြင့် ယခုအခါ ကျေးလက်ပြည်သူများ မြို့သို့အရောက်အပေါက်များပြားလာသည်။ မြို့မှဝန်ထမ်း၊ ကုန်သည်ပွဲစား စသည့် အလွှာအသီးသီးတို့သည်လည်း ကျေးလက်ဒေသသို့ အရောက်အပေါက် များပြားလာသည်။ ကျေးလက်လူထုတို့အဖို့ သွားလာဆက်သွယ်မှု လွယ်ကူမှုကြောင့် ပညာရေးအသိ၊ ကျန်းမာရေးအသိ၊ စီးပွားရေးအသိများ တိုးပွားလာကြသည်။ ဗဟုသုတများ တိုးပွားလာကြသည်။ ဆတက်ထမ်းပိုး ပိုမိုတိုးတက်လာတော့မည်။ ယင်းအချက်သည် လူမှုစီးပွားဘဝကို တိုးတက်ပြောင်းလဲစေသော ကျေးလက်လမ်းများကြောင့်ပင်ဖြစ်သည်။

ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာသည့် မြင်ကွင်းသည် နိုင်ငံတော် အကြီးအကဲ၏ ကျေးလက်နေပြည်သူများအပေါ်ထားရှိသည့် စေတနာပင်ဖြစ်သည်။ သည်မြင်ကွင်းကို မြင်တွေ့ကြရသော ပြည်သူများသည် စာနာစိတ်၊ ကြင်နာစိတ်တို့ဖြင့် မုဒိတာပွားများနိုင်သကဲ့သို့ ခရိုင်ချင်းဆက်လမ်းများကို တည်ဆောက်နေသော စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများကလည်း တိုးတက်ပြောင်းလဲလာသော ကျေးလက်ပြည်သူများ၏ လူမှုစီးပွားဘဝကို **"ဆတက်ထမ်းပိုး"** တိုးတက်မြင့်မားစေရေးအတွက် လုပ်ခွင့်ရရေး ကြုံကြိုက်ချိန်တွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရင်း မုဒိတာပွားများနိုင်ကြပါစေလို့ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် အစားအစာများ ချက်ပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ

တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက် အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၀

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်နှင့်ဇနီးဒေါ်ဆွေဆွေဦးတို့သည် ယမန်နေ့ မွန်းလွဲ ၁နာရီက နေပြည်တော်လယ်ဝေးမြို့ (၂၅)ခုတင်ဆံ့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် အာဟာရဖြစ်စေသည့် အစားအစာများ ချက်ပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့်ဇနီး ဒေါ်ဆွေဆွေဦးတို့ နေပြည်တော်လယ်ဝေးမြို့နယ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် အာဟာရဖြစ်စေသည့် အစားအစာများ ချက်ပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ချက်ပြုတ်ထားသည့် အာဟာရဖြစ်စေသည့် အစားအစာများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ထောက်ပံ့ပေးအပ်

ရှေးဦးစွာ တိုင်းမှူးနှင့်ဇနီးတို့သည် ကျန်းမာရေးပညာပေး နံရံကပ်စာစောင်များ၊ ဆေးဝါးများ ပြသထားသော ပြခန်းကို ကြည့်ရှုအားပေးကြပြီး ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များအား ကိုယ်ဝန်ဆောင်အားဆေးများ၊ ဗီတာမင်အေဆေးဝါးများနှင့် အာဟာရဖြစ်စေမည့် အစားအစာများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့သည် ပြိုင်ပွဲဝင်အသင်းများက ချက်ပြုတ်ထားသည့် အာဟာရဖြစ်စေသည့် အစားအစာများကို ကြည့်ရှုအားပေးကြသည်။

အမှာစကားပြောကြား

ထို့နောက်တိုင်းမှူးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာစိုးစိုးနိုင်က မြို့နယ်၏ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မိခင်တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းသို့ နေပြည်တော်လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ အသင်းဝင်အဆိုပြုလွှာစောင်ရေ ၂၅၀ ကို အသင်းဝင်တစ်ဦးက ပေးအပ်ရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သန်းသန်းစိန်က လက်ခံသည်။

ဆုများချီးမြှင့်

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များအတွက် အာဟာရရှိသော အစားအစာများ ချက်ပြုတ်ပြိုင်ပွဲ၌ ပထမဆုရ သာဝတ္ထိမြို့နယ်မှ မိုးပြာအသင်း၊ ဒုတိယဆုရ အေလာမြို့နယ်မှ ငှက်ခါးအသင်း၊ တတိယဆုရ နေပြည်တော် လယ်ဝေးမြို့နယ်မှ တိမ်မီးခိုးအသင်းတို့အား တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးက ဆုများချီးမြှင့်သည်။

ထို့နောက် တိုင်းမှူးနှင့်ဇနီးတို့သည် ဆေးရုံဝင်းအတွင်းရှိ စရိတ်မျှပေးဆေးဆိုင်၊ လူနာဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများပေးအပ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗာရာဏသီမြို့ မိဂဒါဝုန် မြန်မာကျောင်း နှစ်တစ်ရာပြည့်ပွဲတော်အတွက် စစ်ကိုင်းတိုင်းကလေးဝမြို့နယ်ဒေါ်ဖြူဖြူကို ကလှူဒါန်းသောငွေကျပ်တစ်သိန်းကို အလှူရှင်ကိုယ်စား ဂန္ဓဝင် ရွှေပုဂံ ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့မှ ဝန်ထမ်းများက အမှူးဆောင်ဆရာတော် ဦးဉာဏဗလ (M.A)ထံ အမှတ် ၁၀ မင်္ဂလာလမ်း စမ်းချောင်းမြို့နယ်ရှိ ဂန္ဓဝင် ရွှေပုဂံ အဆင့်မြင့် ခရီးသွားလုပ်ငန်းရုံးခန်းတွင် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဧရာဝတီတိုင်း မိခင်/ ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အမြွှာပူးမွေးဖွားသော မိခင်နှင့်ကလေးများ ကြည့်ရှုအားပေး

ရန်ကုန် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်သန်းသန်းနွဲ့သည် တိုင်းအမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီအောင်၊ တိုင်းကျန်းမာရေးဦးစီးဌာန တိုင်းဦးစီးမှူးဒေါက်တာဆွေဝင်းနှင့်အဖွဲ့ဝင်များ လိုက်ပါလျက် စက်တင်ဘာ၁၄ရက် မွန်းလွဲပိုင်းက ပုသိမ်မြို့ တိုင်းအထွေထွေရောဂါကုဆေးရုံကြီး၌ ပုသိမ်မြို့ အမှတ်(၈) ရပ်ကွက်မှ သုံးမွှာပူးမွေးဖွားသော မိခင်နှင့်ကလေးငယ်များ၏ ကျန်းမာရေး အခြေအနေများကို ကြည့်ရှုအားပေးပြီး အနီးပိတ်များနှင့် ကလေးအသုံးအဆောင်များကို လည်းကောင်း၊ ပုသိမ်မြို့နယ်နှင့် ငပုတောမြို့နယ်တို့မှ နှစ်မွှာပူးမွေးဖွားသော မိခင်သုံးဦးနှင့် ကလေးငယ်များ၏ ကျန်းမာရေးအခြေအနေများကို ကြည့်ရှုအားပေးပြီး မိခင်များအား ထောက်ပံ့ငွေများနှင့် အာဟာရပြည့်အစားအစာများကို လည်းကောင်း ပေးအပ်သည်။

ပေးအပ်

ဆက်လက်၍ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌသည် ပုသိမ် ကန်ကြီးထောင့်နှင့် ကျုံပျော်မြို့နယ်တို့မှ ခွဲစိတ်ကုသမှုခံယူမည့် အမျိုးသမီးလူနာသုံးဦးအား မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း(ဗဟို)က လှူဒါန်းသည့် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀စီကို ပေးအပ်သည်။

မှာကြား

ယင်းနောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌအား ဆေးရုံအုပ်ကြီးရုံးခန်း၌ တာဝန်ရှိသူများက ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ပြည်သူများ၏ ကျန်းမာရေးကို အလေးထားစောင့်ရှောက်ပေးသွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက် ကူးစက်ရောဂါဖြစ်ပွားမှု တုံ့ပြန်ကာကွယ်တားဆီးရေး

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သည့် HIV/AIDS, TB, Malaria နှင့် ကူးစက်ရောဂါ ဖြစ်ပွားမှု တုံ့ပြန်ကာကွယ်တားဆီးရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲက ရန်ကုန်မြို့ အလံပြ ဘုရားလမ်းရှိ Park Royal Hotel ခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး Mr. Ban sarn Bunnag က အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ ရောဂါနှိမ်နင်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Dr. Thawat Suntrajarn နှင့် ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်တို့က အမှာစကားပြောကြားကြသည်။ **(ဓါတ်ပုံ)**

ပေးအပ်

ထို့နောက် ထိုင်းနိုင်ငံမှ ညွှန်ကြားရေးမှူးချုပ် Dr. Thawat Suntrajarn က ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ တင်ဝင်းမောင်ထံ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်ကုသရေးအတွက် ARV ဆေးများနှင့် ကွန်ဒုံး (Comdoms)များကိုပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ မြန်မာ-ထိုင်း နယ်စပ်ဒေသတစ်လျှောက်တွင် ခုခံအားကျ/ကာလသားရောဂါ၊တီဘီ၊ ငှက်ဖျားနှင့် ကူးစက်ရောဂါဖြစ်ပွားမှုကို တုံ့ပြန်ဆောင်ရွက်မှုနှင့်ပတ်သက်၍ လက်ရှိအခြေအနေများကို လည်းကောင်း၊ လက်ရှိဆောင်ရွက်လျက်ရှိသော ရောဂါကာကွယ် နှိမ်နင်းရေးလုပ်ငန်းများကို အားဖြည့်ဆောင်ရွက်ကြရန်ကို လည်းကောင်း အကြံပြုဆွေးနွေးကြသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွှန့်မြို့နယ် ကန်တော်ကလေး ၉၁ လမ်း အမှတ်၁၁၇နေ ဦးမောင်မောင်အောင်နှင့် ဒေါ်အေးအေးခင် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အေဘယ်လ်(ငြိမ်း)နှင့် ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးညွှန့်တို့က လက်ခံယူစဉ်။ (က-ပ)

21-9 (06) 1 9/21/07, 1:33 AM

မုံရွာမြို့နယ် အလုံရပ်ကွက် မိခင်/ကလေး အသင်းခွဲ သားဖွားခန်းဖွင့်ပွဲနှင့် အာဟာရချက်ပြုတ် ပြိုင်ပွဲကျင်းပ

တိုင်းမှူးဗိုလ်ချုပ်သာအေး တက်ရောက်ဆုချီးမြှင့်ပေး

ရန်ကုန် စက်တင်ဘာ ၂၀

မုံရွာခရိုင် မုံရွာမြို့နယ် အလုံရပ်ကွက် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ သားဖွားခန်းဖွင့်ပွဲနှင့် အာဟာရချက်ပြုတ်ပြိုင်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁ ရက် နံနက် ၈ နာရီက မုံရွာခရိုင် မုံရွာမြို့နယ် အလုံရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲ သားဖွားခန်း မှခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ အလုံသားဖွားခန်း မှခ်ဦးဆိုင်းဘုတ်အား တိုင်းကျန်းမာရေး ဦးစီးဌာန၊ တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာကျော်ရှိန်နှင့် သားဖွားခန်းအလှူရှင် တင်ဝင်းထွန်း ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးတင် ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ရှိန်က အလုံသားဖွားခန်းဖြစ်ပေါ်လာပုံနှင့် ဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေးက အလုံရပ်ကွက် သားဖွားခန်းကျောက်စာအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ဆက်လက်ပြီး တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့်ဇနီး ဒေါ်ဝေဝေခိုင်တို့က အလုံသားဖွားခန်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သားဖွားခန်းအတွင်း မွေးဖွားသည့် မွေးလူနာနှင့် ကလေးတို့အား ဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဇနီးဒေါ်ဝေဝေခိုင်နှင့်အဖွဲ့ဝင်များသည် မုံရွာခရိုင်အတွင်းရှိ မြို့နယ်ရှစ်မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၏ အာဟာရချက်ပြုတ်ပြိုင်ပွဲအား လှည့်လည်ကြည့်ရှု အားပေးသည်။

ဆုချီးမြှင့်

အာဟာရချက်ပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပရာ တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဇနီး၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝေဝေခိုင်ကပထမဆုရရှိသော ချောင်းဦးမြို့နယ်အားလည်းကောင်း၊ ဒုတိယဆုရရှိသော ယင်းမာပင်မြို့နယ် အားလည်းကောင်း၊ တတိယဆုရရှိသော မုံရွာမြို့နယ် အားလည်းကောင်း နှစ်သိမ့်ဆုများကို တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။

(ခရိုင် ပြန်/ဆက်)

ရန်ကုန်တိုင်း သာကေတမြို့နယ် ရှုခင်းသာရပ်ကွက် အောင်မော်စံ ပရိယတ္တိစာသင်တိုက်၌ ပုရိမဝါကပ်တော်မူကြသည့် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တ အာစိဏ္ဏ(သာသနာ့ဓဇ ဓမ္မာစရိယ) အမှူးရှိသော စာချ ၊ စာသင် သံဃာတော်အပါး ၇၀ တို့အား စတုတ္ထအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၂၆ ရက်က သာသနာပြုအဖွဲ့နာယက ဦးစွန်အိ၊ ဥက္ကဋ္ဌ ဦးစိုးလွင်(လေယာဉ်မှူးကြီး)၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်မင်းတို့က ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

နမ့်လန်ဒေသ သုတရောင်ခြည်ဘဝသစ် စာကြည့်တိုက် ဆိုင်းဘုတ်တင်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ

နမ့်လန် ဩဂုတ် ၂၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် သီပေါမြို့နယ် နမ့်လန်ဒေသ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျင်းပသော ကုန်းညောင်ရပ်ကွက် သုတရောင်ခြည် ဘဝသစ်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဆိုင်းဘုတ်တင်ပွဲနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၉ ရက် နံနက် ၇ နာရီက ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးမြင့်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းရွှေသိန်း၊ ဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်တို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်လှူဒါန်း

ဆက်လက်၍ စာအုပ်များကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော စာအုပ်မျိုးစုံ အုပ် ၃၀၊ ကုန်း ညောင်ရပ်ကွက်နေ စိုင်းစောမောင်-နန်းလောဝ်ဝီး (ရွှေအိမ်စံ) ပရိဘောဂမိသားစုက ငွေကျပ်နှစ်သိန်း တန်ဖိုးရှိ ဗီရိုတစ်လုံး၊ ဦးစိုင်းစံထွန်းက ရေဒီယိုတစ်လုံး၊ ကုန်းညောင်လူငယ် မောင်မယ်များက ကက်ဆက်တစ်လုံး၊ ကိုရန်နိုင်နှင့်ညီများက တိုင်ကပ်နာရီတစ်လုံး၊ စာအုပ် အလှူရှင်များက လှူဒါန်းသော စာအုပ်မျိုးစုံ အုပ် ၃၀၀ နှင့် ဂျာနယ် စာစောင် ၅၀ တို့အား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

(နမ့်လန် ပြန်/ဆက်)

ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေးလုပ်ငန်း

တာဝန်သိစွာ ပူးပေါင်းဆောင်ရွက်ခဲ့သူများဂုဏ်ပြု လိပ်မျိုးထိန်းသိမ်းရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များရှင်း

ရန်ကုန် စက်တင်ဘာ ၂၀

ဧရာဝတီတိုင်း ဖျာပုံခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ပင်လယ်လိပ်မျိုးထိန်းသိမ်းရေး လုပ်ငန်းများတွင် တာဝန်သိစွာ ပူးပေါင်းဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို စက်တင်ဘာ ၁၂ ရက်က ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီး ဌာနရုံးခန်းမ၌ကျင်းပရာ ငါးလုပ်ငန်း ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင် တက်ရောက် အမှာစကား ပြောကြားသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ဆက်လက်၍ အသိပညာရှင် ဦးဖုန်းမော်က လိပ်မျိုးထိန်းသိမ်းရသည့်သိမှတ်ဖွယ်ရာများကို ရှင်းလင်းပြောကြားပြီးပတ်ဝန်းကျင်နှင့်မျိုးတုံးရှားပါးရေသတ္တဝါ ထိန်းသိမ်းရေးဌာနစု သုတေသနအရာရှိ ဦးချိုလှအောင်က လိပ်မျိုးထိန်းသိမ်းရသည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားကာ ညွှန်ကြား ရေးမှူးချုပ်ကိုယ်စား ခရိုင်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဦးအေးလွင်က ဂုဏ်ပြုမှတ်တမ်းလွှာများကို လုပ်ငန်းရှင် ဦးမောင်ဇော်၊ ဦးကြီးမြင့်နှင့်ဦးအေး ထွန်းတို့အားပေးအပ်၍ လုပ်ငန်းရှင် ဦးစောမင်းခိုင်က လိပ်မျိုးထိန်းသိမ်းခြင်း ဆိုင်ရာပစ္စည်းများ ပေးအပ်လှူဒါန်းရာ မြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးသိန်းသန်းက လက်ခံယူသည်။ **(ဝဲပုံ)**

ထိုက်တန်စွာဂုဏ်ပြု

ဘိုကလေးမြို့နယ် ရေလုပ်ငန်းရှင်ဦးမောင်ဇော် လုပ်ကိုင်သည့် အောက်ထော် ပိုင်အင်းဂရံအတွင်းသို့ ဝင်ရောက်လာသည့် ပြင်သာလိပ်တစ်ကောင်အား ဧရာဝတီတိုင်း ပင်လယ်လိပ်မျိုး ထိန်းသိမ်းရေး စခန်းသို့ တာဝန်သိစွာ ပေးအပ်လှူဒါန်းခဲ့မှုနှင့် မျိုးတုံးစပြုနေပြီဖြစ်သော လိပ်စောင်းလျှား တစ်ကောင်အရှေ့ဖျား သောင်တွင် ဥချခဲ့မှုကို သတင်းပေးပို့ခဲ့ပြီး စနစ်တကျ ဥကျင်းများ ထိန်းသိမ်းနိုင်ခဲ့မှုကြောင့် ညွှန်ကြားရေးမှူးချုပ်က ထိုက်တန်စွာဂုဏ်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးခန်းမတွင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လုပ်ရှားမှု အခမ်းအနားကို စက်တင်ဘာ ၁၄ ရက်က ကျင်းပရာ အသက် ငါးနှစ်အောက် ကလေးများအား ဗီတာမင်အေဆေးလုံးနှင့် အာဟာရကျွေးမွေးခြင်းတို့ကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အေးဆွေနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက တိုက်ကျွေးကြစဉ်။ (က-ပ)

ရန်ကင်းမြို့နယ် ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် မင်္ဂလာဒုံ ပျဉ်းမပင်အိမ်ရာ တိုက်-၂ နေ ဗိုလ်မှူးဝင်းမောင်(ငြိမ်း)အား ရည်စူး၍ ဒေါ်ခင်ခင်မြင့် မိသားစုက ကျပ်ငွေ တစ်သိန်းလှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (၁၁၅)

● ရှေ့ဖုံးမှ

ရည်ရွယ်ကျင်းပ

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက မိန့်ခွန်းပြောကြားရာတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံး ပြိုင်ပွဲများ ကျင်းပပေးနေသည့် ရည်ရွယ်ချက်များမှာ-

- တပ်မတော် ဘောလုံးအားကစား နည်းစနစ် ဖွံ့ဖြိုးတိုးတက်စေရန်။
- တပ်မတော်သားများ ဘောလုံး အားကစားနည်းကို ကျယ်ပြန့်စွာ ကစားခြင်းဖြင့် စစ်မြေပြင်ကြံ့ခိုင်မှုကို အထောက်အကူပြုစေရန်။
- တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင် အသင်းများတွင် သွေးသစ်လောင်းနိုင်မည့်ဘောလုံး အားကစားသမား မျိုးဆက်သစ်များ မွေးထုတ်နိုင်ရန်။
- တပ်မတော် (ကြည်း၊ ရေ၊ လေ) လက်ရွေးစင်များအဖြစ် အဆင့်မြင့်တန်း ဘောလုံးပြိုင်ပွဲများတွင် ပါဝင်ကစားခွင့်ရရှိပြီး စွမ်းရည်မြင့်မားလာသည်နှင့်အမျှ မြန်မာ့လက်ရွေးစင်များအဖြစ် နိုင်ငံတကာဘောလုံးပြိုင်ပွဲများ၌ နိုင်ငံတော်ကို ကိုယ်စားပြုယှဉ်ပြိုင်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပေးနေခြင်း ဖြစ်ကြောင်း။ မိမိတို့ တပ်မတော်၏ အဓိက လုပ်ငန်းတာဝန်ကြီး သုံးရပ်ထဲတွင် နိုင်ငံတော်ကို ကာကွယ်ရန် ဆိုသည့် အချက်သည် အဓိက အရေးကြီးဆုံး အချက်ဖြစ်ကြောင်း။ နိုင်ငံတော်ကိုကာကွယ်နိုင်ရန်အတွက် တပ်မတော်သားတိုင်းသည် ကျန်းမာကြံ့ခိုင်နေရန် လိုအပ်ကြောင်း၊ ထို့အပြင် တပ်မတော်၏ အားဆယ်ပါးတွင်လည်း ကျန်းမာကြံ့ခိုင်မှုဆိုသည့် အချက်ကို ထည့်သွင်းထားသည်ကို တွေ့ရမည်ဖြစ်ကြောင်း။ ထို့ကြောင့် တပ်မတော်သားများ ကျန်းမာကြံ့ခိုင်ရန်အတွက် တပ်ရင်း တပ်ဖွဲ့အလိုက်၊ တိုင်း၊ တပ်မအလိုက်အားကစားပြိုင်ပွဲများကို နှစ်စဉ်ကျင်းပပေးနေသည့်အပြင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဒိုင်း၊ ဖလား အားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ်ကျင်းပပေးနေခြင်း ဖြစ်ကြောင်း။

နှစ်စဉ်ကျင်းပ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား၊ တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲကို ၁၉၆၂ ခုနှစ်ကတည်းက နှစ်စဉ် မပျက်မကွက်ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ယခုပြုလုပ်သည့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား အသက် (၂၁)နှစ်နှင့်အောက်တပ်မတော်(ကြည်း၊ ရေ၊လေ)ဘောလုံးပြိုင်ပွဲဆိုလျှင် ၁၉၈၅ ခုနှစ်ကစပြီး နှစ်စဉ်ကျင်းပပေးခဲ့သည့်အတွက် ယခုနှစ်ဆိုလျှင် (၂၃)ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်ဟု ပြောကြားလိုကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း။ ယင်းသို့ ကြိုးပမ်းတည်ဆောက်ရာတွင် ဦးတည်ချက် (၁၂) ရပ်ကို လုပ်ငန်းလမ်းစဉ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။ ယင်း ဦးတည်ချက် (၁၂)ရပ်အနက် လူမှုရေး ဦးတည်ချက် (၄)ရပ်တွင် **"တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"** ဆိုသည့် ဦးတည်ချက်ကို ထည့်သွင်းဖော်ပြထားသည်ကိုတွေ့ရမှာဖြစ်ကြောင်း။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်မှုနှင့် ပညာရည်မြင့်မားမှုသည် နိုင်ငံတော် ကာကွယ်ရေး တာဝန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်များကို ထမ်းဆောင်နိုင်ရန် အဓိကကျသည်ဆိုသည်ကိုပြောကြားလိုကြောင်း။

အကောင်အထည်ဖော်ဆောင်ရွက်

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရန် မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်း အဆင့်နှင့် နိုင်ငံတော်အဆင့် အားကစားပြိုင်ပွဲများကို နှစ်စဉ်ပြုလုပ်ပေးနေခြင်း ဖြစ်ကြောင်း၊ ထို့ပြင် **"မြန်မာ့အားကစား ကမ္ဘာကို လွှမ်းစေရမည်"** ဆိုသည့် အားကစားရည်မှန်းချက်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

အားကစားအဆင့်အတန်းတိုးတက်မြင့်မားအောင်မြင်ခြင်းသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ညွှန်းပြသနေကြောင်း၊ ထို့ကြောင့် နိုင်ငံတော် အနေဖြင့် အားကစားနယ်ပယ်တွင် ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်အောင် အားကစားဝန်ကြီးဌာနကို ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း။

အားကစားကဏ္ဍဖွံ့ဖြိုးရေး

ထို့အပြင် မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီနှင့် မြန်မာ့အားကစားနှင့်ကာယပညာ ကော်မတီတို့ကိုလည်း ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း၊ အားကစားနည်းအလိုက် အဖွဲ့ချုပ်များဖွဲ့စည်းပေးပြီး အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကိုလည်း စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း၊ အားကစားနည်းအလိုက် အထောက်အကူပြုပစ္စည်းများနှင့် အားကစားအဆောက်အအုံကြီးများကိုလည်း ငွေကြေးအမြောက်အမြားအကုန်အကျခံ တည်ဆောက်ပေးခဲ့ပြီး အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းကိုလည်း ဒီပလိုမာအဆင့်ပေးနိုင်သည်အထိ ဖွင့်လှစ်ပေးခဲ့သည့်အပြင် အဆင့်မီ မျိုးဆက်သစ် အားကစားသမားများကိုလည်း မွေးထုတ်ပေးလျက်ရှိကြောင်း။

အားကစားနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတကာအားကစားအတွေ့အကြုံများရရှိစေရန်အတွက်လည်း နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေပြီး ချစ်ကြည်ရေးပြိုင်ပွဲများနှင့် ဖိတ်ခေါ်ပြိုင်ပွဲများကို ကျင်းပပေးနေခြင်းဖြစ်ကြောင်း။

အရှိန်အဟုန်ကြီးမား

အားကစားအဆင့်အတန်း တိုးတက်မြင့်မားမှုသည် နိုင်ငံတော်၏ ဂုဏ်ကိုမြှင့်တင်ပေးနိုင်သကဲ့သို့ အားကစားအောင်နိုင်မှုသည်လည်း နိုင်ငံသားများ၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် မျိုးချစ်စိတ်ဓာတ်ကို လှစ်ဟပြသနိုင်ကြောင်း၊ တစ်ချိန်က မိမိတို့နိုင်ငံ၏ ဘောလုံးအသင်းသည် အောင်မြင်မှုအရှိန်အဟုန်ကြီးမားခဲ့ဖူးကြောင်း၊ အရှေ့တောင်အာရှနှင့် အာရှပြိုင်ပွဲများတွင် အကြိမ်ကြိမ် အောင်မြင်မှုများရရှိခဲ့ကြောင်း၊ ယင်းခေတ်အခါက မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းတွင် မိမိတို့တပ်မတော်သားများသည် အမာခံအဖြစ်ပါဝင်ခဲ့ကြကြောင်း။

မိမိတို့နိုင်ငံ လက်ရွေးစင်ဘောလုံးအသင်း၏ ၂၀၀၇ခုနှစ်အတွင်း နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်မှုကိုကြည့်လျှင် ဩဂုတ် ၂၂ရက်မှ ၂၇ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ထိုင်းနိုင်ငံတို့ ပါဝင်သည့် မဲခေါင်ဒေသ ငါးနိုင်ငံချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲတွင် ရှုံးပွဲ လုံးဝမရှိဘဲ အနိုင်ရဗိုလ်စွဲခဲ့ကြောင်း၊ ဩဂုတ် ၂၀ရက်မှ ၂၉ ရက်အထိ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၉)ကြိမ်မြောက် မာဒေးကားဖလား ဘောလုံးပြိုင်ပွဲတွင် ဒုတိယရရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံ ဘောလုံးအသင်းသည် ၂၀၀၆ ခုနှစ် မာဒေးကားဖလားဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့ပြီး ယခုနှစ် အပါအဝင် ဗိုလ်လုပွဲကို ရှစ်ကြိမ်တက်ရောက်ခဲ့တာ လေးကြိမ်တိတိ အနိုင်ရဗိုလ်စွဲခဲ့သည့်အသင်း ဖြစ်ကြောင်း။

ထိုက်ထိုက်တန်တန်

အလားတူပင် မိမိတို့နိုင်ငံ လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း၏ အောင်မြင်မှုကိုကြည့်လျှင် မကြာသေးမီက ကျင်းပပြီးစီးသွားခဲ့သည့် ၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ တွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ချန်ပီယံဆုဖလားကြီးကို ထိုက်ထိုက်တန်တန်ဆွတ်ခူးရရှိခဲ့သည်ကို အားလုံး အသိပင်ဖြစ်ကြောင်း။ ပြိုင်ပွဲဝင်နိုင်ငံ ရှစ်နိုင်ငံ ပါဝင်ခဲ့ပြီး မိမိတို့နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရခဲ့သည့် ယင်းပြိုင်ပွဲကြီးတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံး အသင်းသည် ပြိုင်ဘက်ဖြစ်သည့် ထိုင်းနိုင်ငံ အမျိုးသမီး လက်ရွေးစင် ဘောလုံး အသင်းကို စိတ်ဓာတ်ကြံ့ခိုင်မှု၊ စည်းလုံးညီညွတ်မှုနှင့် တို့ မြန်မာပရိသတ်ကြီး၏ တစ်ခဲနက် အားပေးမှုများဖြင့် ပေါင်းစပ်ပြီး ပြတ်ပြတ်သားသား အနိုင်ယူကာ ချန်ပီယံဆုဖလားကြီးကို ထိုက်ထိုက်တန်တန် ဆွတ်ခူးရရှိခဲ့ခြင်းပင် ဖြစ်ကြောင်း၊ အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ၂၀၀၅ခုနှစ်တွင် စတင်ကျင်းပခဲ့၍ ယခုနှစ်အထိ ပြိုင်ပွဲ (၃)ကြိမ် ကျင်းပပြီးစီးခဲ့ရာတွင် မိမိတို့ မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံး အသင်းသည် ချန်ပီယံဆုဖလားကြီးကို နှစ်ကြိမ်တိတိ ဆွတ်ခူးရရှိခဲ့ကြောင်းကို တွေ့ရှိရကြောင်း။ ထို့ကြောင့် ဘောလုံးအားကစားစွမ်းရည်ဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံး အသင်းကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်းကို ထည့်သွင်းပြောကြားလိုကြောင်း။ ထို့ကြောင့် မိမိတို့အနေဖြင့် ကာကွယ်ရေးဝန်ကြီးဌာန လက်ရွေးစင် ဘောလုံးသမားများအဖြစ် ရွေးချယ်ခံရပြီး တစ်ဆင့်တက်ကာ နိုင်ငံ့လက်ရွေးစင်ဘောလုံးအသင်းတွင်ပါဝင်ယှဉ်ပြိုင်ကစားပြီး နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်သည့် အားကစားသမားများအဖြစ် ရွေးချယ်ခံရအောင် ကြိုးပမ်းယှဉ်ပြိုင်သွားကြပါဟု မှာကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ယနေ့ နိုင်ငံတကာ အားကစားလောကကိုကြည့်မည်ဆိုလျှင်အားကစားဆိုင်ရာပစ္စည်းများသည် တိုးတက်ပြောင်းလဲနေသည်ကို တွေ့ရမည်ဖြစ်သကဲ့သို့ လေ့ကျင့်ရေးပိုင်းနှင့် နည်းစနစ်ပိုင်းများတွင်လည်း တစ်ဟုန်ထိုးပြောင်းလဲ တိုးတက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းသို့ ပြောင်းလဲတိုးတက်မှုများကို ရင်ပေါင်တန်းပြီး အမီလိုက်နိုင်ရန် နိုင်ငံတော်က ဆောင်ရွက်ပေးနေသကဲ့သို့ မိမိတို့ကလည်း အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

တိကျစွာလိုက်နာ

အားကစားလောကတွင် ထူးချွန်အောင်မြင်ရန်အတွက် အဓိကလိုအပ်ချက်သည် စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေးပင်ဖြစ်ကြောင်း။ စိတ်ဓာတ်ကောင်းမွန်မှသာ ကိုယ်ရည်ကိုယ်သွေးနှင့် စွမ်းရည်ထက်မြက်သည့် အားကစားသမားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း။ ထိုနည်းတူ စည်းကမ်းကောင်းမွန်မှသာ အုပ်ချုပ်မှုစည်းကမ်း၊ လေ့ကျင့်မှုစည်းကမ်းနှင့် ပြိုင်ပွဲဝင်စည်းကမ်းများကို တိကျစွာ လိုက်နာနိုင်မည်ဖြစ်ပြီး အောင်မြင်သည့် အားကစားသမားကောင်း ဖြစ်လာနိုင်မည်ဆိုသည်ကို အလေးအနက်မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **အားကစား အဆင့်အတန်း တိုးတက်အောင်မြင်မှုသည် နိုင်ငံနှင့်လူမျိုး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကိုမြှင့်တင်ပေးသည့် ဂုဏ်ဒြပ်ဖြစ်ခြင်းကြောင့် အားကစား အဆင့်အတန်း မြင့်မားတိုးတက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် အလေးအနက်ခံယူကြိုးပမ်းကြပါ။**
- **စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်စွာ အားကစားစိတ်ဓာတ် အပြည့်ဖြင့် ယှဉ်ပြိုင်ကြပါ။**
- **အသင်းအုပ်ချုပ်သူများ၊ နည်းပြဆရာများနှင့် ဒိုင်လူကြီးများ၏ ညွှန်ကြားချက်များကို တိတိကျကျလိုက်နာဆောင်ရွက်ကြပါ။**
- **တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရွေးစင်အဖြစ်မှသည် နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်ဘောလုံး အားကစားသမားကောင်းများ ဖြစ်အောင် ကြိုးပမ်းယှဉ်ပြိုင်သွားကြပါ**

ဟု မှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား ပြိုင်ပွဲဝင် ဘောလုံးအသင်းများက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြသည်။

ဂိုးမရှိသရေ

ဖွင့်ပွဲ အခမ်းအနား အပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံး ဘောလုံးအသင်းနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေပွဲဖြစ်သွားသည်။

ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို နယ်ဇုန်များတွင် စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၃ ရက်အထိယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ (က) အုပ်စု ရတခဇုန်(မော်လမြိုင်)၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၊ (ဂ)အုပ်စု နမခဇုန်(မုံရွာ)၊ (ဃ)အုပ်စု လပစဇုန်(မန္တလေး)၊ (င)အုပ်စု တပခဇုန် (တောင်ငူ)တို့တွင် အသီးသီး ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(သတင်းစဉ်)

လှိုင်သာယာမြို့နယ် အမှတ်(၁၁)ရပ်ကွက်ရှိ အမှတ်(၃၀) အခြေခံပညာ မူလတန်းလွန်ကျောင်း၏ မုခ်ဦးသစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ရက်ကကျင်းပရာ မြို့နယ် လက်ထောက်ပညာရေးမှူး ဦးမြတ်ဝေတိုး၊ ကျောင်းအုပ်ဆရာကြီး ဦးအုံးမြင့်နှင့် ကျောင်းအကျိုးဆောင်ဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဦးဝင်းအား ယင်းဦးစီးဌာန၊ ဟသ်ာတ တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်ရက်မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့်ရာထူး၊ ဌာန
(က)	ဦးပေါ်လွင်စိန် ဒုတိယညွှန်ကြားရေးမှူးချုပ် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ)	ဦးမောင်မြင့် ညွှန်ကြားရေးမှူး လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ပြည်သူ့အင်အားဦးစီးဌာန လူ့ဝန်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
(ဂ)	ဦးခင်မောင်ဇော် ဒုတိယပါမောက္ခချုပ် သစ်တောတက္ကသိုလ် သစ်တောဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန	ပါမောက္ခချုပ် သစ်တောတက္ကသိုလ် သစ်တောဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန

ဆက်ကပ်လှူဒါန်း

မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်ဆဲဖြစ်သော အိန္ဒိယနိုင်ငံ တက္ကသိုလ်အသီးသီးရှိ ပညာသင်မြန်မာရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်သစ်အတွက် ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်) ဦးဆောင်သော ဓမ္မမိတ်ဆွေများက ကျောင်းဖြစ်မြောက်ရေးအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော်အရှင်ရာဇိန္ဒ(နာလန္ဒ) ထံ အလှူငွေ ဒေါ်လာ ၁၀၀ နှင့် မြန်မာကျပ်ငွေ ၆၃၀၀၀ ကို တတိယအကြိမ် အဖြစ် ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် စက်တင်ဘာ ၂၀

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊၃၃၇/က ပြည်လမ်း၊ လယ်တီ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၁၂)ကြိမ်မြောက် လယ်တီဝိပဿနာခုနစ်ရက် တရားစခန်းကို စက်တင်ဘာ ၂၆ရက် (တော်သလင်းလဆန်း ၁၅ ရက်)မှ အောက်တိုဘာ ၄ရက် (တော်သလင်းလဆန်း ၈ရက်) အထိကျင်းပမည်ဖြစ်သည်။တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ပဏ္ဍိတာရာမစာသင်တိုက် ရွှေရတုဝိဇာတမင်္ဂလာနှင့်အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၃)ရပ်ကွက် ပဏ္ဍိတာရာမစာသင်တိုက်နာယက စာချသာသနာပြု နယ်လှည့် ဓမ္မကထိက ပုပ္ပားစကားဝါမြေ ဆရာတော်ဘဒ္ဒန္တ ပညာဝံသ၏ ရွှေရတုဝိဇာတမင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် ယင်းစာသင်တိုက်၌ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားအစီအစဉ်အရ နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပေးပြီး စာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ပုပ္ပား စကားဝါမြေဆရာတော်ဘဒ္ဒန္တပညာဝံသက မွေးနေ့အလှူအဖြစ် ကျောင်းတိုက်အတွက် အလှူတော်ငွေကျပ်ခုနစ်သိန်းကိုပေးအပ်လှူဒါန်းသည်။

ထို့နောက် ပုပ္ပားစကားဝါမြေ ဆရာတော်၏ သာသနာပြုလုပ်ငန်းနှင့် စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းများအတွက် အလှူရှင် မင်္ဂလာဒုံဈေးမှ ကံကော်ဦး ဖိနပ်ဆိုင် ဒေါ်သန်းခင်မိသားစု**(အပေါ်ပုံ)**က ငွေကျပ် သိန်းနှစ်ဆယ်နှင့် အခြားစုပေါင်းအလှူရှင်များက လှူဒါန်းငွေကျပ်ငါးသိန်းကျော်တို့ကို ပေးအပ်လှူဒါန်းကြသည်။

အမှာပေးဝေ

ယင်းနောက်ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဝတ္ထုပစ္စည်းများကိုဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမှာပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားပြင်း မြေငလျင်တစ်ခုလှုပ်

နေပြည်တော် စက်တင်ဘာ ၂၀

ယနေ့ ညနေ ၃ နာရီ ၄ မိနစ် ၄၀စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ တောင်ဘက် မိုင်၁၄၀၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာ (ဆူမားတြားတောင်ပိုင်း အင်ဒိုနီးရှားနိုင်ငံ)ကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၆ဒသမ ၆အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ်(၁) မြတ်ဆရာကန်တော့ပွဲ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန် ဆေးတက္ကသိုလ် (၁) ၁၉၇၁-၇၉ ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁ ရက်နံနက် ၉နာရီတွင် တာမွေမြို့နယ် မဟာသန္တိသုခကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲများကို နိုဝင်ဘာ၃၀ရက်နှင့် ဒီဇင်ဘာ၁ရက် ညနေ၆နာရီတွင် ဟိုတယ်နီကိုးနှင့်ဒူးဆစ်အင်းလျားလိပ်ဟိုတယ်တို့၌ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဒေါက်တာစိုးဝင်း ဖုန်း-၀၉-၅၀-၁၄၅၇၆၊ ဒေါက်တာအေးချို ဖုန်း-၀၉-၅၁-၁၆၁၄၃၊ ဒေါက်တာခင်ဇော်ကြူ ဖုန်း-၀၁-၅၇၇၆၅၈၊ ဒေါက်တာစိန်မြင့် ဖုန်း-၀၉-၅၀-၁၃၅၅၄၊ ဒေါက်တာမေအောင်လင်း ဖုန်း-၀၉-၈၀-၂၄၀၆၅၊ ဒေါက်တာစောမူ ဖုန်း-၀၉-၅၁-၃၃၈၀၉၊ ဒေါက်တာမေကြည်အောင် ဖုန်း-၀၁-၂၁-၁၀၃၁၊ ဒေါက်တာကြည်ကြည်မြင့် ဖုန်း-၀၉- ၂၀-၀၄၃၆၁နှင့် ဒေါက်တာခိုင်မာလာမြင့် ဖုန်း-၀၁-၇၀၇၀၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီး တင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မဟာသုခလမ်း အမှတ်(၁)နေ ဒေါ်ရှုဘီမိသားစုတို့က အလှူငွေကျပ် ၁၁၁၀၀၀ ကို လှူဒါန်းရာ စေတီတော်ကြီး၏ ဂေါပကအဖွဲ့ဝင် ဦးလှမင်းနှင့် ရုံးအဖွဲ့မှူး ဦးအောင်သန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။
(က-ပ)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသော ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ်အခမ်းအနားကို ယနေ့ မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဒေါ်ခင်သက်ထွေးက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း၊ အစီအစဉ်များရေးဆွဲရေးအလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အာဟာရဌာနစိတ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်အေးအေးသော်က မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန အာဟာရဌာနစိတ်မှ တာဝန်ရှိသူများက ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ခရိုင်လေးခရိုင်မှ အမျိုးသမီးရေးရာ အဖွဲ့ဝင်များအား အာဟာရဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်း အစီအစဉ်များရေးဆွဲရေးဆိုင်ရာများကို ပညာပေးဆွေးနွေးဟောပြောကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ထွေး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ၂၀၀၇ခုနှစ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* ယုဂန္ဓာနိုင်ငံအနောက်ပိုင်း ဟွိုင်မာခရိုင်ဘူဂျီရိုမြို့၌ စက်တင်ဘာ ၈ရက်က မိုးကြိုးပစ်ခံရမှုကြောင့် ခုနစ်ဦးသေဆုံးပြီး ၁၄ဦး ဒဏ်ရာရရှိသွားကြောင်း ယုဂန္ဓာမီဒီယာများက ဖော်ပြသည်။

*** ရိုမေးနီးယားနိုင်ငံ ဒမ်ဘိုဗီတာစီရင်စုတွင် စက်တင်ဘာ ၂၀ရက်က စက်ရုံတစ်ရုံမီးလောင်ပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးပြီး ဒဏ်ရာအများအပြားရရှိသွားခဲ့ကြောင်း၊ အဆိုပါ စက်ရုံမှာ စစ်ဘက်အသုံးအဆောင် ပစ္စည်းများထုတ်လုပ်သောစက်ရုံဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

* ဂျပန်နိုင်ငံတွင် ပြီးခဲ့သည့်ဇူလိုင်လအတွင်းက မြေငလျင်လှုပ်မှုကြောင့် ထိခိုက်ပျက်စီးပြီး ပိတ်ထားခဲ့သော နီဂါတာစီရင်စုရှိ ကာရှီဝါဇာကီကာရီဝါ နျူကလီးယားစက်ရုံ၌ စက်တင်ဘာ ၂၀ရက်က လျှပ်စစ်ကြိုးမှ မီးလောင်မှုထပ်မံဖြစ်ပွားခဲ့ကြောင်း ထိခိုက်မှုမရှိကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

*** ဂျော်ဂျီယာနိုင်ငံ မီဒီဗယ်မြို့အနီးမြေအောက်မှ အရိုးစုအချို့ကို သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ရာ အဆိုပါ အရိုးစုများသည် လွန်ခဲ့သော နှစ်ပေါင်းနှစ်သန်းခန့်က လူသားနှင့်ဆင်တူသော သတ္တဝါတစ်မျိုး၏ အရိုးစုများဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။**

* ရုရှားအာကာသအေဂျင်စီသည် မကြာမီကာလအတွင်း စေလွှတ်မည့် အင်္ဂါဂြိုဟ်လေ့လာရေး အာကာသခရီးစဉ်တွင် ကြွက်ကဲ့သို့သော တိရစ္ဆာန်အကောင်ငယ်လေး ၁၀ကောင်ကို အာကာသယာဉ်အတွင်း ထည့်သွင်းစေလွှတ်စမ်းသပ်မည်ဖြစ်ကြောင်း၊ ထိုသို့ စမ်းသပ်ခြင်းဖြင့် နောင်တွင် အင်္ဂါဂြိုဟ်သို့ လူလိုက်ပါနိုင်ရန် စမ်းသပ်ခြင်းဖြစ်ကြောင်း ရုရှားအာကာသအေဂျင်စီက စက်တင်ဘာ၂၀ရက်၌ သတင်းထုတ်ပြန်သည်။

*** တရုတ်နိုင်ငံတွင် စက်တင်ဘာ ၁၉ရက်က ဝီဖာအမည်ရှိ တိုင်ဖုန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ကျီကျင်းပြည်နယ်၌ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ ရေလွှမ်းခြင်း၊ မြေပြိုခြင်းများဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး သုံးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ နေအိမ် ၁၀၀၀၀ခန့် ပျက်စီးသွားကြောင့် အင်တာနက်သတင်း၌ ဖော်ပြသည်။**

* ဇမ်ဘီယာနိုင်ငံအရှေ့ပိုင်း ကမ်းလွန်၌ အလွန်ရှားပါးသော ဝေလငါးတစ်ကောင် သေဆုံးနေသည်ကို စက်တင်ဘာ ၁၉ရက်က တွေ့ရှိခဲ့ရကြောင်း၊ အဆိုပါ ဝေလငါး၏ ဦးခေါင်းတွင် အဆီအိတ်တစ်ခုပါရှိပြီး အရောင်မှာ အဖြူရောင်ဖြစ်ကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

*** တရုတ်နှင့် ဘရာဇီးနှစ်နိုင်ငံတို့ ပူးပေါင်းပြီး ၀၂-ဘီအမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို တရုတ်နိုင်ငံ ရှန်စီပြည်နယ် တိုင်းယွန်ဂြိုဟ်တု လွှတ်တင်ရေးစခန်းမှ စက်တင်ဘာ ၁၉ရက် နံနက်၁၁နာရီ ၂၆မိနစ်က အာကာသသို့ လွှတ်တင်လိုက်သည်။ အဆိုပါဂြိုဟ်တုကို လောင်းမတ် ၄-ဘီ ဒုံးပျံကအောင်မြင်စွာသယ်ဆောင်သွားကြောင်း တရုတ်မီဒီယာများက ဖော်ပြသည်။** (ဝဲပုံ)

(အင်တာနက်)

မြန်မာ့ရုပ်မြင်သံကြား

၂၁-၉-၂၀၀၇ရက်

(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈:၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀ ၇။ အတီးပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ English for Everyday Use
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဒဿနိကဗေဒအထူးပြု) [ဒဿနိကဗေဒ]
၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၀၀ ၅။ မြန်မာစာ မြန်မာစကား
၁၇:၁၅ ၆။ နှောင်းခေတ်တေးပဒေသာ
၁၇:၃၀ ၇။ **"မီးမီးရဲ့ဆုံးဖြတ်ချက်"** (နေအောင်၊ ထွန်းထွန်းဝင်း၊ မေသဥ္ဇာဦး၊ ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်) ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၁၇:၄၀ ၈။ **၂၀၀၇ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [ဝါသနာရှင်ပထမတန်း အဆင့်] (အမျိုးသား)**
၁၇:၄၅ ၉။ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ (တိုက်ကွမ်ဒို)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးတတိယချစ်ပုံပြင်** (အပိုင်း-၄)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေးတဝဲလည်လည်** (အပိုင်း-၁၈)
၁၈။ နောက်တစ်နေ့အစီအစဉ်
၁၉။ အစီအစဉ်ပြီး၏။

The Live News ဂျာနယ် အမှတ်(၅၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၂၀

ရွှေပြည်စိုးစာပေတိုက်မှ အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၅၃)ကို ယနေ့ထုတ်ဝေ ဖြန့်ချိလိုက်သည်။

နူန်းချိုချို မီးရထားစီးနင်းသူတို့များ၊ ပန်းမြိုင်လယ်မှအမှတ်တရ၊ အချစ်ရေးဘယ်နားရောက်နေမှန်းမသိတဲ့ မိုးအောင်ရင်၊ မီးတောင်ကျွန်းက မပို့ဖြစ်သောစာများ၊ အမေရိကန်က အီရန်ကိုတိုက်ခိုက်ရေးမှာ ရှောင်လွှဲ၍မရနိုင်တော့ဟုဆို၊ အမေရိကန်ကိုအာခံ၍ တရုတ်နိုင်ငံကို ထိပ်တိုက်ရင်ဆိုင်ရေး ရှေးရှုလုပ်ဆောင်နေသော တိုင်ပေ၊ စွမ်းအားပြင်းဗုံး အပြိုင်လုပ်နေသည့် ရုရှားနှင့်အမေရိကန်၊ ရှင်ဇိုအာဘေး သို့မဟုတ် လေ့ကွဲကြီးကိုစီးမိသူ၊ သုံးပင်လိမ် ကြိုးတစ်ချောင်းသို့မဟုတ် လှုပ်ခတ်လာသော ပါကစ္စတန်နိုင်ငံရေး၊ အရင်းစိုက်ပြီး အမြတ်မယူကြသူများအကြောင်း၊ လေးမည်ရခဲ့တဲ့ ဗိုလ်ဆွန်ပက်လမ်း၊ တက္ကဆီမင်းနှင့်ခြင်းဂျူတီ၊ ၂၀၀၇ခုနှစ် စက်တင်ဘာ ၂၂ရက်မှ စက်တင်ဘာ ၂၈ရက်အတွင်း မွေးဖွားသော မျိုးဆက်သစ်ကလေးငယ်များ၏ ဘဝတစ်သက်တာ ကံဇာတာ၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာဏ္ဍများကို လယ်တွင်းသားစောချစ်၊ မြင်းမူမောင်နိုင်မိုး၊ နီမင်းဆွေ၊ ကိုကိုလှိုင်၊ မောင်မြတ်မွန်(ဆူးလေ)၊ သက္က(ခေတ္တရာ)၊ သစ်လွင်မိုး၊ မောင်နေလင်း၊ ရဲဇော်(ဇီးကုန်း)နှင့် အမြို့မြို့အနယ်နယ်မှ စာရေးဆရာ၊ သတင်းစာဆရာများက ဝေဝေဆာဆာတင်ဆက်ထားသည်။

The Live News ဂျာနယ်နှင့် နွယ်သာကီမဂ္ဂဇင်းသို့ စာမူပေးပို့လိုသူများ၊ ဖြန့်ချိရေးကိစ္စ ဆောင်ရွက်လိုသူများသည် အမှတ်(၃၁၀) ဝါးတန်းလမ်း မြေညီထပ် အခန်း(၀၀၄) လမ်းမတော်မြို့နယ် ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကမ္ဘာ့အသက်အကြီးဆုံး ဂျပန်အမျိုးသား၏ (၁၁၂) နှစ်မြောက် မွေးနေ့ပွဲကျင်းပ

တိုကျို စက်တင်ဘာ ၂၀

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားဖြစ်သည့် တိုမိုဂျီတာနာဘီ၏ အသက် (၁၁၂) နှစ်မြောက် မွေးနေ့ပွဲကို ဂျပန်နိုင်ငံတောင်ပိုင်းရှိ ၎င်းနေအိမ်၌ စက်တင်ဘာ ၁၈ ရက်က ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြပါရှိသည်။

တိုမိုဂျီ၏ မွေးနေ့ပွဲ အခမ်းအနားအတွက် ဒေသဆိုင်ရာ အာဏာပိုင်များက ပန်းများနှင့် ဂျပန်နိုင်ငံသုံး ယမ်းငွေ ၁၀၀၀၀၀ကို ပေးအပ်ခဲ့ကြောင်း**(ယာပုံ)**၊ ဒုတိယအကြိမ်အဖြစ် မွေးနေ့ပွဲကို ၎င်း၏ မိသားစုဝင်များနှင့်အတူ မကြာမီ ထပ်မံကျင်းပမည်ဖြစ်သည်။

မကြုံတွေ့လို

သူ့အနေဖြင့် အမြဲတမ်း အသက်ရှင်နေထိုင်လိုကြောင်းနှင့် သေဆုံးမှုကို မကြုံတွေ့လိုကြောင်း တိုမိုဂျီက ပြောကြားသည်ဟု ကျိုဒိုသတင်းဌာနက ကိုးကား ဖော်ပြသည်။

တိုမိုဂျီသည် ၂၀၀၆ ခုနှစ် ဇွန်လက အသက်အကြီးဆုံး အမျိုးသားကြီးအဖြစ် ဂင်းနက်စ်မှတ်တမ်းစာအုပ်တွင် ဖော်ပြခြင်းခံခဲ့ရကြောင်း၊ ကျန်းမာရေးလည်း အလွန်ကောင်းမွန်ကြောင်း တိုကျိုမြို့ အနောက်တောင်ဘက် ကီယူဆူကျွန်း မီရာကိုနိုဂျိုမြို့ရှိ တိုမိုဂျီ၏ နေအိမ်၌ တာဝန်ရှိသူများက ပြောကြားသည်။

အရက်လုံးဝမသောက်

တိုမိုဂျီအနေဖြင့် အသီးအရွက်များကို အဓိကစားသုံးခဲ့ကြောင်း၊ နေ့စဉ် နွားနို့ မှန်မှန်သောက်သုံးခဲ့ပြီး နေအိမ်ဝန်းကျင် အနီးအနားသို့လည်း လမ်းလျှောက် ထွက်ကြောင်း၊ ၎င်းအနေဖြင့် အသက်ရှည်စေသည့် အဓိကအချက်တစ်ချက်မှာ အရက်လုံးဝသောက်သုံးခြင်း မရှိသောကြောင့် ဖြစ်ကြောင်း အဆိုပါ သတင်းတွင် ပါရှိသည်။

ဂျပန်နိုင်ငံသည် ကမ္ဘာပေါ်တွင် အသက်အရွယ်ကြီးရင့်သူ အများဆုံး တည်ရှိရာ နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခုနှစ် စက်တင်ဘာလကုန်တွင် အသက် ၁၀၀ အထက် လူဦးရေမှာ ၃၂၀၀၀ ကျော်ရှိလာမည်ဟု အာဏာပိုင်များက မျှော်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ



ပီရူး၌ ဥက္ကာပျံကျရောက် အနံ့ဆိုးထွက်မှုကြောင့် လူများ ဝေဒနာခံစားကြရ

လန်ဒန် စက်တင်ဘာ ၂၀

ပီရူးနိုင်ငံ လူသူမနေသည့် တစ်နေရာတွင် အာကာသမှ အရာဝတ္ထုကြီးတစ်ခု မြေကြီးပေါ် ထိုးစိုက်ကျပြီးနောက် ကျင်းကြီးတစ်ခုဖြစ်သွားသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။**(အောက်ပုံ)** ထူးဆန်း၍ သွားရောက်ကြည့်ရှုသူအများအပြားမှာ ခေါင်းကိုက်၊ ဇက်ထိုး၊ အော့အန်ပြီး ဝေဒနာခံစားကြရသည်ဟုဆိုသည်။

မီးလုံးကြီးတစ်ခုကျလာ

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၅ရက် ညအချိန်တွင် လီမာမြို့တော်တောင်ဘက် မိုင် ၈၀၀အကွာ ပူနာဒေသရှိ ကာရန်ကပ်မြို့အနီး ကောင်းကင်မှ မီးလုံးကြီးတစ်ခုကျလာသည်ကို အနီးအနားပြည်သူများက တွေ့ကြရသည်ဟု ပြောကြားသည်။

ဝေဒနာခံစာရ

ဥက္ကာပျံဟုခေါ်သည့် ထိုအရာဝတ္ထုကျသည့်နေရာ မြေကြီးပေါ်တွင် အလျား ၉၈ပေ၊ အနံ ၉၈ပေနှင့် အနက် ပေ၂၀ရှိ ကျင်းကြီးတစ်ခုပေါ်လာပြီး ထိုကျင်းကြီးမှ အနံ့ဆိုးသည့် အဆိပ်သင့်ဓာတ်ငွေ့များ ထွက်ပေါ်သဖြင့် နွားတစ်ကောင်သေပြီး၊ အခြားတိရစ္ဆာန်များ ဝေဒနာခံစားရသည်။

ရာပေါင်းများစွာသော သွားရောက်ကြည့်ရှုသူများလည်း အော့အန်ပြီး၊ ခေါင်းကိုက်ကုန်ကြသည်။ ထို့ကြောင့် ပြည်သူများအား သွားရောက်ကြည့်ရှုခြင်းမပြုရန် အာဏာပိုင်များက တားမြစ်လိုက်သည်။ **(အင်တာနက်)**

အိန္ဒိယနှင့် အာဆီယံ လွတ်လပ်စွာကုန်သွယ်ရေး မကြာမီစတင်မည်

မနီလာ စက်တင်ဘာ ၂၀

အိန္ဒိယနှင့် အရှေ့တောင်အာရှ နိုင်ငံများအသင်း (အာဆီယံ)တို့၏ လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုမှာ လာမည့်နှစ်လအတွင်း အပြီးသတ်ညှိနှိုင်း သဘောတူဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း အိန္ဒိယထိပ်တန်း ကုန်သွယ်ရေးပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ကုန်သွယ်ရေး သဘောတူညီမှုအတွက် ညှိနှိုင်းမှုများမှာ ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း အာဆီယံ ကုန်သွယ်ရေးအစည်းအဝေး အပြင်ဘက်၌ အိန္ဒိယကူးသန်းရောင်းဝယ်ရေး အတွင်းဝန် ဂိုပယ်လ်ပီလီက ရိုက်တာသို့ ပြောကြားသည်။

လာမည့် နိုဝင်ဘာလအတွင်း စင်ကာပူနိုင်ငံ၌ ကျင်းပမည့် အာဆီယံအစည်းအဝေးတွင် သဘောတူလက်မှတ်ရေးထိုးနိုင်မည်ဟု မိမိမျှော်လင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရောက်ရှိလာနိုင်

ကုန်သွယ်ရေး သဘောတူညီမှုကို လက်မှတ်ရေးထိုးပြီးပါက လာမည့် ၂၀၁၂ ခုနှစ်တွင် အိန္ဒိယနှင့်အာဆီယံ ကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံသို့ ရောက်ရှိလာနိုင်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဖက်ရှင်ပြပွဲ

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပ သော တရုတ် အဝတ်အထည် ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသနေသူတစ်ဦးကို စက်တင်ဘာ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း၌ ပန်ဒါဝက်ဝံ နှစ်ကောင်ပေါက်ဖွားလာ

ပေကျင်း စက်တင်ဘာ ၂၀

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ်တွင် ပန်ဒါဝက်ဝံတစ်စုံ ပေါက်ဖွားလာခဲ့ကြောင်း ဒေသတွင်း ပန်ဒါ ထိန်းသိမ်းစောင့်ရှောက်ရေး စင်တာက စက်တင်ဘာ ၁၇ ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပြောကြား

ပန်ဒါဝက်ဝံလေး နှစ်ကောင်မှာ စက်တင်ဘာ ၁၄ ရက်က ပေါက်ဖွားလာခဲ့ကြောင်း ပန်ဒါ ထိန်းသိမ်းစောင့်ရှောက်ရေး စင်တာ၏ ဒုတိယညွှန်ကြားရေးမှူး လီဒီရှန်က ပြောကြားသည်။

ပေါက်ဖွားပေးခဲ့

အဆိုပါပန်ဒါ ဝက်ဝံလေး နှစ်ကောင်ကို ရှစ်နှစ်သားအရွယ် ရီရီ အမည်ရှိ ပန်ဒါဝက်ဝံလေးမှ ပေါက်ဖွားခဲ့ခြင်းဖြစ်ကြောင်း၊ ပန်ဒါဝက်ဝံထီးလေးမှာ အလေးချိန် ဂရမ် ၁၅၀ ရှိပြီး ပန်ဒါဝက်ဝံမလေးမှာ အလေးချိန် ၁၄၆ ဂရမ်ရှိကြောင်း လီက ဆက်လက်ပြောကြားသည်။

ယခုအချိန်တွင် ပန်ဒါဝက်ဝံမလေး ရီရီနှင့် ပန်ဒါဝက်ဝံပေါက်လေးနှစ်ကောင်မှာ ကျန်းမာရေး အခြေအနေကောင်းမွန်လျက်ရှိကြောင်း ထိန်းသိမ်းစောင့်ရှောက်သူများက ပြောကြားသည်။

စတင်ဆောင်ရွက်

တရုတ်နိုင်ငံအတွင်း ပန်ဒါဝက်ဝံများ ထိန်းသိမ်းစောင့်ရှောက်မှုကို ၁၉၆၀ ပြည့်နှစ်မှ စတင်က ဆောင်ရွက်ခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

စင်ကာပူ၌ သွေးလွန်တုပ်ကွေး ရောဂါကြောင့် ရှစ်ဦးသေဆုံး

စင်ကာပူ စက်တင်ဘာ ၂၀

စင်ကာပူနိုင်ငံတွင် ပြီးခဲ့သည့်သီတင်းပတ်က သွေးလွန်တုပ်ကွေးရောဂါကြောင့် အသက် ၆၀ အရွယ်ရှိ အမျိုးသမီးတစ်ဦးသေဆုံးခဲ့ကြောင်း၊ ယခုနှစ်အတွင်း စင်ကာပူနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ရှစ်ဦး ရှိသွားပြီဖြစ်ကြောင်း စင်ကာပူ ကျန်းမာရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၈ ရက်တွင် အတည်ပြု ပြောကြားသည်။

အဆိုပါအမျိုးသမီးမှာ စက်တင်ဘာ ၉ ရက်မှစတင်ကာ အဖျားအလွန်တက်လာပြီး သွေးလွန်တုပ်ကွေး ရောဂါလက္ခဏာများ ပြလာကာ စက်တင်ဘာ ၁၅ ရက်က သေဆုံးခဲ့ခြင်း ဖြစ်သည်။

ရောဂါလက္ခဏာများ

သွေးလွန်တုပ်ကွေးရောဂါမှာ ရေကြည်၊ ရေသန့်တွင် ပေါက်ပွားသော ခြင်များမှတစ်ဆင့် ကူးစက်ခြင်းခံရခြင်း ဖြစ်ကြောင်း၊ ရောဂါလက္ခဏာများမှာ ခေါင်းကိုက်ခြင်း၊ အဖျားတက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊ မူးဝေအော့အန်ခြင်းနှင့် အဖုအပိမ့်များထွက်လာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန် တက်ရောက်ဆုချီးမြှင့်၊ အောင်နိုင်ရေးအလံပေးအပ်

စစ်တွေ စက်တင်ဘာ ၂၀

ရခိုင်ပြည်နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြည်နယ်အဆင့်ပြိုင်ပွဲပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ကျင်းပရာ ရှေးဦးစွာ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က အမှာစကား ပြောကြားသည်။

လက်ခံရယူ

ယင်းနောက် ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေများချီးမြှင့်ရာ အမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့ဝင်များကိုယ်စား အဖွဲ့ခေါင်းဆောင် ဒေါ်စောခင်နုက လက်ခံယူသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဇနီး ဒေါ်ကျော့ကျော့စံတို့က မဟာဂီတ ဘာသာရပ် အဆိုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများကိုလည်းကောင်း၊ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်သန်းထွန်းအောင်နှင့် တာဝန်ရှိသူအသီးသီးက ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ကြသည်။

ဆုချီးမြှင့်

ယင်းနောက် ရခိုင်ပြည်နယ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြည်နယ်အဆင့်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော စစ်တွေခရိုင်အား ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က တံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကြမည့် ရခိုင်ပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင်များ အောင်နိုင်ရေးအတွက် အောင်နိုင်ရေးအလံကို ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က အောင်နိုင်ရေးအဖွဲ့ခေါင်းဆောင် ဦးခင်မောင်စန်းအား ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့၌တည် ဆောက်လျက် ရှိ သော ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးတွင် လမ်းမတော် မြို့နယ် လှည်း တန်း လမ်းအမှတ် ၈၉ နေ ဒေါ်ချိုချိုက အလှူငွေကျပ် ၅၅၀၀၀ လှူဒါန်းစဉ်။

(က-ပ)

မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်း လက်ရည်စမ်းပြိုင်ပွဲများယှဉ်ပြိုင်ရန် တရုတ်သို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၀

၂၀၀၇ခုနှစ် စက်တင်ဘာ ၂၁ရက်မှ ၃၀ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများပြုလုပ်ပြီး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားရန်မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်းခေါင်းဆောင်သော မြန်မာ့လက်ရွေးစင်အမျိုးသား ဘော်လီဘောအသင်းသည် ယနေ့ မွန်းလွဲ ၂နာရီမိနစ်၅၀က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်ဝင်းနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှအမှုဆောင်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါ

မြန်မာ့လက်ရွေးစင် အမျိုးသား ဘော်လီဘောအသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးသိန်းဝင်း (ဒုတိယဥက္ကဋ္ဌ၊ ဘော်လီဘောအဖွဲ့ချုပ်)၊ နည်းပြဆရာများအဖြစ် ဦးမျိုးမြင့်နှင့် ဦးညီညီလွင်၊ အားကစားသမားများအဖြစ် ရဲမင်းအောင်၊ ကျော်စွာဝင်း၊ ကျော်စိုးအောင်၊ စံရွှေမောင်၊ ကျော်ရွှေ၊ စိုင်းညီလေး၊ ကျော်ကျော်ထွေး၊ စောဟိန်းသူ၊ ဇော်လင်းဦး၊ မြတ်ကျော်ထွန်း၊ ရဲရင့်ထွန်းနှင့် ဝင်းထွန်းဦးတို့ လိုက်ပါသွားကြသည်။

အကြိုပြင်ဆင်

မြန်မာဘော်လီဘော အသင်းသည် ဒီဇင်ဘာလအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန် အကြိုပြင်ဆင်သည့်အနေဖြင့် သွားရောက်ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး စက်တင်ဘာ ၂၁၊ ၂၄၊ ၂၆နှင့် ၂၇ရက်တို့တွင် စီချွမ်ပြည်နယ် ဘော်လီဘောအသင်းနှင့် ပူးတွဲလေ့ကျင့်ပြီး လက်ရည်စမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဝင်း ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင် အမျိုးသားဘော်လီဘောအသင်းအား မထွက်ခွာမီ တွေ့ရစဉ်။

(မြန်မာ့အလင်း)

မြန်မာနိုင်ငံမူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း(ရုံးချုပ်) ဆောက်လုပ်ရေးငွေများလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၀

ဆောက်လုပ်လျက်ရှိသော မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်း (ရုံးချုပ်) အဆောက်အအုံအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ လာရောက်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်က System Engineering Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးကျော်ကျော်စိုးက ငွေကျပ်သိန်း ၂၅၀ကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံသိန်းထံ ပေးအပ်လှူဒါန်းသည်။

ယခုအခါ အဆောက်အအုံမှာ ရာခိုင်နှုန်း ၅၀ ပြီးစီးပြီဖြစ်ကြောင်း၊ အဆောက်အအုံဆောက်လုပ်ရန် ပါဝင်လှူဒါန်းလိုသူများသည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း အခန်း ၁၀၁/၁၀၂ တိုက် (၃) မြိုင်ဟေဝန် အိမ်ရာစခန်း ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ် ဖုန်း ၀၁-၆၆၇၂၇၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်ဖွင့်ပွဲ ရန်ကုန်တောင်ပိုင်းခရိုင်၌ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် ကျန်းမာရေးကော်မတီနှင့် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော ၂၀၀၇ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲကို ယနေ့နံနက် ၉နာရီတွင် သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမြင့်က အမှာစကားပြောကြားပြီး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမဆုရ ခရမ်းမြို့နယ်မှ ဒေါ်ခင်အေးဝင်း၊ ဒုတိယဆုရ ဆိပ်ကြီးခနောင်တိုမြို့နယ်မှ ဒေါ်တင်တင်သိန်း၊ တတိယဆုရ ဒလမြို့နယ်မှ ဒေါ်ခင်စန်းမြင့်နှင့် နှစ်သိမ့်ဆုရ ကွမ်းခြံကုန်းမြို့နယ်မှ ဒေါ်သင်းသင်းအေးတို့အား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြင့်ကြည်က ရှင်းလင်းတင်ပြပြီး ဧည့်သည်များက ခြောက်လမှ ငါးနှစ်အရွယ် ကလေးငယ်များအား အင်အားပြည့် ဗီတာမင်အေဆေးများ တိုက်ကျွေး၍ ကိုယ်ဝန်ဆောင်မိခင်များအား ဗိုက်ထရွှန် သံဓာတ်အားဆေးနှင့် အိုင်အိုဒင်းဆားများပေးအပ်ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

အကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့်မိုင်း နင်းမိသဖြင့် ထန်းတပင်မြို့နယ်မှ အပြစ်မဲ့ပြည်သူတစ်ဦး ခြေချင်းဝတ်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၂၀

ပဲခူးတိုင်း ထန်းတပင်မြို့နယ် ဘုမ္မတီးကျေးရွာနေ ဦးတင်စိုးသည် စက်တင်ဘာ ၁၈ရက် မွန်းလွဲ ၂နာရီတွင် သံတောင်မြို့နယ်အတွင်း ဝဥသွားတူးပြီး ရွာသို့ပြန်လာစဉ် ဘုမ္မတီးရွာမရောက်မီ ၅မိုင်ခန့်အကွာအရောက်၌ အကြမ်းဖက်သောင်းကျန်းသူများထောင်ထားသည့် မိုင်းနင်းမိပြီး ယာဘက်ခြေချင်းဝတ်ပြတ်ဒဏ်ရာရရှိခဲ့သဖြင့် လူနာအား ဇရပ်ကြီး တိုက်နယ်ဆေးရုံသို့တင်ပို့၍ ကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်၌ နည်းပြတို့၏ ရင်ဖွင့်စကားသံများ

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

လစ္စဘွန်း စက်တင်ဘာ ၂၀

ချန်ပီယံလိဂ်အုပ်စုအဖွင့်ပွဲစဉ်တွေကို စက်တင်ဘာ၂၀ရက်မှာ ဆက်လက်ကစားတဲ့အခါ အင်္ဂလန် အသင်းတွေ အောင်ပွဲခံနိုင်ခဲ့ကြသလို ဘာစီလိုနာတို့ကလဲ ဂိုးပြတ်သွင်း ခြေစွမ်းပြ အနိုင်ရရှိခဲ့ပါတယ်။ အင်တာမီလန်တို့ကတော့ အဝေးကွင်းမှာ ဖီနာဘာချီကို တစ်ဂိုး-ဂိုးမရှိရှုံးနိမ့်ခဲ့လို့ အင်တာမီလန်ပရိသတ်တွေ စိတ်ထိခိုက်ခဲ့ရပါတယ်။ နိုင်ပွဲရတဲ့ အသင်းနည်းပြတွေရဲ့ ခံစားမှုနဲ့ ရှုံးပွဲကြုံတွေ့ခဲ့ရတဲ့ နည်းပြတွေရဲ့ ရင်တွင်းခံစားမှုကို ဖော်ပြလိုက်ပါတယ်။

အနိုင်ရယူ

အဝေးကွင်းမှာ မန်ယူကြယ်ပွင့်ဘောလုံးသမားတွေဖြစ်တဲ့ စီရိုနယ်ဒိုနဲ့ နာနီတို့ရဲ့ အသင်းဟောင်းဖြစ်တဲ့ စပို့တင်းလစ္စဘွန်းကို စီရိုနယ်ဒိုရဲ့ ဂိုးနဲ့ အနိုင်ရယူခဲ့တဲ့ မန်ယူအသင်းနည်းပြ ဖာဂူဆန်က **"ချန်ပီယံလိဂ်အဖွင့်ပွဲစဉ်မှာ အဝေးကွင်းသွားကစားရတော့ နည်းနည်းစိုးရိမ်မိတယ်။ ပထမပွဲစဉ်မှာ အနိုင်ရယူချင်တဲ့ ဆန္ဒရှိနေပေမယ့် စပို့တင်းလစ္စဘွန်းအသင်း ဆိုတော့ စိတ်ထဲ တစ်မျိုးဖြစ်ပေမယ့် ဒါဟာ ပြဿနာတစ်ရပ်အဖြစ် မရှိခဲ့ပါဘူး၊ ပထမပိုင်းပွဲချိန်မှာ ကျွန်တော့်လူတွေ ကောင်းကောင်း ကစားနိုင်ခဲ့ပေမယ့် ဂိုးမရရှိခဲ့ဘူး၊ ဒါနဲ့ဒုတိယပိုင်းမှာ ကစားအားမြှင့်မှရမယ်လို့ ကျွန်တော်ဆုံးဖြတ်**

"ကျွန်တော်တို့နိုင်မယ်လို့ ယုံကြည်ခဲ့ပါတယ်" (မန်ယူနည်းပြ-ဖာဂူဆန်)
(ဓာတ်ပုံ-အင်တာနက်)

ခဲ့တယ်။ သူတို့က နောက်ပိုင်းမှာ ခံစစ်အားပြုခဲ့လို့ ဂိုးသွင်းခွင့်သိပ်မရခဲ့ပေမယ့် ကျွန်တော့်လူတွေကြိုးစားခဲ့လို့ ဂိုးရရှိသွားတာပါ။ ဒီပွဲကို မကစားခင်မှာ စိုးရိမ်ခဲ့ပေမယ့် တကယ်ကစားတဲ့အခါ ကျွန်တော်တို့ နိုင်မယ်လို့ ယုံကြည်ခဲ့ပါတယ်။ စီရိုနယ်ဒိုနဲ့ ရွှန်နေတို့ကို လူစားလဲခဲ့တာဟာ အင်အားချွေတာတဲ့ သဘောပါပဲ။ ဒီပွဲမှာ စပို့တင်းလစ္စဘွန်း တို့လဲ ကစားတာကောင်းပါတယ်"လို့ ဖာဂူဆန်က ပြောကြားခဲ့ပါတယ်။

ကျေနပ်ပီတိဖြစ်

ဒီလိုပါပဲ ဆီဗီလာကို အိမ်ကွင်းမှာ သုံးဂိုးပြတ်နဲ့ အနိုင်ယူခဲ့တဲ့ အာဆင်နယ်အသင်းဟာ ပွဲဦးထွက် မျက်နှာပန်းလှခဲ့တာမို့ အာစင်ဝင်းဂါး ကျေနပ်ပီတိဖြစ်ခဲ့ရပါတယ်။ ဒီပွဲစဉ်နဲ့ပတ်သက်ပြီး အာစင်ဝင်းဂါးက **"ပထမပိုင်းမှာ ကျွန်တော်တို့ ဖိကစားနိုင်ခဲ့လို့ ဖာဘရီဂတ်ကန်သွင်းပြီး သူတို့နောက်ခံလူကြောင့် ရတဲ့အဖွင့်ဂိုးဆိုပေမယ့် ဒီဂိုးဟာ အဖိုးတန်ဂိုးပါပဲ။ ဒီဂိုးရပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်တို့ အနိုင်ရမယ်လို့ တွက်ထားခဲ့တဲ့အတိုင်း ဖြစ်လာတာပါပဲ။**

ဒုတိယပိုင်းမှာ ကျွန်တော့်လူတွေ ဘောလုံးကို ထိန်းချုပ်ကစားခိုင်ပြီး သေချာမှ ဂိုးသွင်းယူစေခဲ့တာကြောင့် အခုလို ဂိုးတွေသွင်းယူနိုင်ခဲ့တာပါ။ ဒီပွဲမှာ ကျွန်တော့်ခံစစ်မှူးတွေ အမှားအယွင်း လုပ်ခဲ့တာတွေရှိသလို တိုက်စစ်မှူးတွေလဲ အခွင့်အရေးကောင်း အချို့လက်လွတ်ခဲ့ရပါတယ်။ကျွန်တော်တို့အသင်းဟာ အခုဆိုရင် အသင်းတိုင်းကို စိန်ခေါ်နိုင်တဲ့ ခြေစွမ်းရှိနေပါပြီ"လို့ ပြောကြားသွားခဲ့ပါတယ်။

အသင်းတိုင်းကို စိန်ခေါ်နိုင်တဲ့ ခြေစွမ်းရှိနေပါပြီ။
(အာဆင်နယ်နည်းပြ-အာစင်ဝင်းဂါး)
(ဓာတ်ပုံ-အင်တာနက်)

ဂိုးပြတ်နိုင်

အသင်းကြီးတွေ အနိုင်ရရှိခဲ့တဲ့ ချန်ပီယံလိဂ် အဖွင့်ပွဲစဉ်တွေအနက် အိမ်ကွင်းမှာ လိုင်ယွန်အသင်းကို သုံးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တဲ့ ဘာစီလိုနာအသင်းနည်းပြ ဖရန့်ရစ်ကတ်ကလဲ **"ဒီပွဲမှာတစ်ချိန်လုံး ကျွန်တော်တို့ စိုးမိုးထားနိုင်ခဲ့ပါတယ်။ တစ်သင်းလုံးအချိတ်အဆက်မိမိ ကစားနိုင်ခဲ့တဲ့အပြင် နားလည်မှုလဲ ရှိခဲ့လို့ ဂိုးတွေရရှိခဲ့တာပါ။ ဒီပွဲမှာ မက်ဆီ၊ အွန်နရီနဲ့ ရော်နယ်ဒင်ဟိုတို့ အကုန်ခြေပေါ်အောင် ကစားနိုင်ခဲ့ကြတယ်။ သူတို့အားကြောင့်လဲ ဒီပွဲမှာ အနိုင်ရခဲ့ခြင်းဖြစ်ပါတယ်။ ဒါပေမယ့် လိုအပ်ချက်တွေပြင်ဖို့ ရှိနေပါသေးတယ်။ အခုပွဲ ဂိုးပြတ်သွင်းအနိုင်ရလိုက်တာဟာ ချန်ပီယံလိဂ် ဖလားရယူဖို့အတွက် ပထမဆုံး ခြေလှမ်းပါပဲ"**လို့ ဖရန့်ရစ်ကတ်က ရင်ဖွင့်သွားပါတယ်။

ဥရောပထိပ်တန်းအသင်းကြီးတွေ နိုင်ပွဲ ကိုယ်စီရခဲ့ပေမယ့် စီးရီးအေ

ချန်ပီယံလိဂ်ဖလားရဖို့ ပထမဆုံး ခြေလှမ်းတစ်ရပ်ပါပဲ။
(ဘာစီလိုနာနည်းပြ-ဖရန့်ရစ်ကက်)
(ဓာတ်ပုံ-အင်တာနက်)

တိုက်စစ်မှူးတွေ အပိုင်ကန်သွင်းခွင့် မရခဲ့ဘူး။
(အင်တာမီလန်နည်းပြ-မန်စီနီ)
(ဓာတ်ပုံ-အင်တာနက်)

လက်ရှိချန်ပီယံအင်တာမီလန်ကတော့ အဝေးကွင်းမှာပထမဆုံးရှုံးပွဲနဲ့ ရင်ဆိုင်ကြုံတွေ့လိုက်ရတာမို့ အင်တာမီလန်နည်းပြ မန်စီနီမျက်နှာမလှ ဖြစ်ခဲ့ရပါတယ်။

ဒီပွဲကစားပြီးတဲ့နောက်မှာ နည်းပြ မန်စီနီက **"ဒီပွဲမှာ ကျွန်တော့် အသင်းကစားပုံက စိတ်ပျက်စရာပါပဲ၊ တိုက်စစ်မှူးတွေ အပိုင်ကန်သွင်းခွင့် အခွင့်အရေးသိပ်မရခဲ့ဘူး။ ထောင့်ကန်ဘောတွေလဲ အများကြီးပေးခဲ့ရတယ်။ ပထမပိုင်းမှာ ဆွာဇို ဂိုးသွင်းဖို့အခွင့်အရေး ရပေမယ့် အသုံးမချနိုင်ခဲ့ဘူး။ ဖီနာဘာချီအသင်း ကစားတာအတော်လေးကောင်းပါတယ်။ ဒီခြေအတိုင်းနဲ့ ဆက်သွားလို့ မဖြစ်ဘူး။ ကျွန်တော့်အသင်း ပြင်ဆင်မှုတွေလုပ်ရမယ်။ ဒီပွဲရှုံးတဲ့အတွက် နောက်ပွဲတွေ အနိုင်ရအောင် ကြိုးစားသွားရမယ်"**လို့ ပြောကြား သွားခဲ့ပါတယ်။ ။

(ကိုးကား-အင်တာနက်)

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် မန်ယူနှင့် အာဆင်နယ်အသင်းတို့ အောင်ပွဲဆင်

စုစည်းတင်ပြသူ မြင့်မောင်စိုး

လန်ဒန် စက်တင်ဘာ ၂၀

ချန်ပီယံလိဂ်ပထမဆင့် အုပ်စုပြိုင်ပွဲများကို စက်တာဘာ ၁၉ ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ ပရီမီယာလိဂ်ထိပ်သီးအသင်းများဖြစ်ကြသည့် မန်ယူနှင့် အာဆင်နယ်အသင်းတို့သည် ယင်းတို့၏ ပြိုင်ဘက်အသင်းများအပေါ် ခြေစွမ်းပြ အနိုင်ကစားနိုင်ခဲ့ကြသည်။

စပို့တင်းလစ္စဘွန်း- မန်ယူ

ပွဲစသည်နှင့် နှစ်သင်းစလုံး ဦးဆောင်ဂိုးသွင်းနိုင်ရေးအတွက် အကြိတ်အနယ် အကွက်ဆင်ထိုးဖောက် ကစားခဲ့ကြသည်။ ချန်ပီယံလိဂ်ခြေစစ်ပွဲ အောင်အသင်းများပီပီ ခြေစွမ်းပြ ကစားနိုင်ခဲ့သည်။ ပထမပိုင်းပွဲပြီးသည်အထိ အရှုံးအနိုင်အဖြေမထွက်ဘဲရှိသည်။ ပွဲချိန် ၆၁ မိနစ်တွင် မန်ယူက ထိုးဖောက်တိုက်စစ်ဆင်လာရာ ဝက်စ်ဘရောင်း ဖြတ်တင်ပေးလိုက်သောဘောလုံးကို စီရိုနယ်ဒိုအပိုင် ခေါင်းတိုက်သွင်းယူသွားနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ခြေကျိုးနေသော ရွှန်နေ ပြန်လည်ကစားပြီဖြစ်၍ မန်ယူတိုက်စစ်အတွက် အားရှိလာသည်။ ပြိုင်ပွဲတွင် မန်ယူဂိုးသမား ဗန်ဒါဆားသည် လစ္စဘွန်းအသင်းမှ လက်ဆင်နှင့် တိုနယ်တို့၏ လျှပ်တစ်ပြက်ဂိုးများကို ကာကွယ်ပေးနိုင်ခဲ့၍ ပွဲအပြီးမန်ယူတို့ အောင်ပွဲဆင်နိုင်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ် - ဆီဗီလာ

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ်အုပ်စုပွဲအစ ဆီဗီလာကို အောင်နိုင်ခဲ့၍ ဖလားရရှိရေး ယုံကြည်မှုရှိလာသည်။

ပွဲစပြီး ၂၈ မိနစ်အကြာ ဖာဘရီဂတ် ကန်သွင်းလိုက်သော ဘောလုံးကို ဆီဗီလာကစားသမား အီစကူဒီကြောင့် ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိခဲ့သည်။ ယင်းဂိုးဖြင့် အာဆင်နယ်တို့ ဆီဗီလာကို ပထမပိုင်းပြီးသည်အထိ အနိုင်ဂိုးနှင့် ဦးဆောင်ကစားနိုင်ခဲ့သည်။

ထိုးဖောက်ယှဉ်ပြိုင်

စီရိုနယ်ဒို၏ စပို့တင်းလစ္စဘွန်းဘက်သို့ ထိုးဖောက်ယှဉ်ပြိုင်မှုကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

ဒုတိယပိုင်းပြန်စချိန်တွင် အာဆင်နယ်လူငယ်များပို၍ သွက်လက်လျင်မြန်စွာကစားလာသည်။ ပွဲချိန် ၅၉ မိနစ်တွင် ဗန်ပါစီက ဖာဘရီဂတ်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဒုတိယမြောက်ဂိုးကိုသွင်းယူပြနိုင်ခဲ့သည်။ ယင်းနောက် ဆီဗီလာတို့ အာဆင်နယ်ကိုခြိမ်းခြောက်ကစားနိုင်သည်ကို မတွေ့ရပေ။

ပွဲအပြီးလေလွင့်ချိန်တွင် အာဆင်နယ်မှ အလက်ဇန္ဒားလက်ဘ်နှင့် ဖာဘရီဂတ်တို့ ဖန်တီးပေးလိုက်သော ဘောလုံးကို အီဒူယာဒိုက အာဆင်နယ်အသင်းအတွက် တတိယနှင့် ပွဲသိမ်းဂိုးကိုသွင်းယူပေးနိုင်ခဲ့သည်။

ဘာစီလိုနာ - လိုင်ယွန်

ထိုနေ့က ဘာစီလိုနာအသင်းသည်လည်း ပွဲဦးထွက်ရလဒ်ကောင်းခဲ့သည်။ ပွဲစပြီး ၂၁ မိနစ်အကြာ လိုင်ယွန်အသင်းမှ ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ လက်ဆောင်ဂိုး စတင်ရခဲ့သည်။ သို့ရာတွင် လိုင်ယွန်က ချေပဂိုးပြန်လည်သွင်းယူရန် အကြိတ်အနယ် ကြိုးစားခဲ့သည်။ ခြေမှန်ရလာသော ဘာစီလိုနာတို့ ပွဲပြီးခါနီးတွင် တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ မက်ဆီကတစ်ဂိုး၊ အွန်နရီက ပွဲသိမ်းတစ်ဂိုး အသီးသီးသွင်းယူပေးနိုင်ခဲ့ကြသည်။

အခြားပွဲများ

အခြားပွဲများတွင် ဖီနာဘာချီက အင်တာမီလန်အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရိန်းဂျားစ်က စတုဂတ်အသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ပီအက်စ်ဗွီအိုင့်ဟိုဗင်က စီအက်စ်ကေအေ မော်စကိုအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ ရိုးမားက ဒိုင်နမိုကိဗ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဆလာဗီယာပရက်အသင်းက စတုအာဘူခါရက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အသီးသီး အနိုင်ရရှိခဲ့ကြောင်း သိရသည်။ ။ **(အင်တာနက်)**

ထိုးဖောက်ကန်သွင်း

အာဆင်နယ်မှ ဖာဘရီဂတ်စ် ဆီဗီလာဘက်သို့ ထိုးဖောက်ကန်သွင်းစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ချယ်လ်ဆီးနည်းပြ မော်ရင်ဟို နုတ်ထွက်

လန်ဒန် စက်တင်ဘာ ၂၀

ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုအသင်းမှ နုတ်ထွက်သွား၍ အေဘရမ်ဂရန့်အား နည်းပြသစ်အဖြစ် အစားထိုးခန့်အပ်လိုက်ကြောင်း ၎င်းကလပ်က အတည်ပြုပြောကြားသည်။

အေဘရမ်သည် ချယ်လ်ဆီးအသင်း၏ ဘောလုံးညွှန်ကြားရေးမှူးဖြစ်ပြီး အစ္စရေးနိုင်ငံသားတစ်ဦးဖြစ်သည်။ ၎င်းသည် ချယ်လ်ဆီးအသင်းတာဝန်ရှိသူ စတိဗ်ကလပ်နှင့်အတူ အသင်းကိုဆက်လက်ကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

MYANMAR IVANHOE COPPER COMPANY LIMITED
(TENDER NOTICE)

TENDER NO. (IFB No. CCS-04-07)
Sale of an estimated (4,000 metric tones) of copper cathode from MICCL S&K Mine site in Monywa, Myanmar.

CLOSING DATE: **15th October 2007**

Tender documents are available at the following address or can be accessed at www.miccl.com.mm. Any queries can be done between 10 am to 4pm at MICCL Yangon office before the tender closing date.

Myanmar Ivanhoe Copper Company Limited
70 (I) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1-514194 to 7/ Fax: (95) 1 514208/ Email: miccl@miccl.com.mm)

မြန်မာ့ရေ ပညာရှေ့တောင် ၀၁-၂၄၁၆၉၀

အရွယ်အစားနှင့် အကြောင်းအရာ ပြောင်းလဲဆန်းသစ်ထားပါသည်။

မဟေသီ အမှတ်(၁၃) ထွက်ပြီ

သုတ ရသစုံ ဂမ္ဘီရမဂ္ဂဇင်း

အောက်တိုဘာလ ၂၀၀၇

ကျေးဇူးရှင်ရွှေပေါ်ကျွန်းဆရာတော်ကြီးရိုးမြင့်သော မနောမယိဒ္ဓိဂါထာတော်၊ ရိုးရိုးခြင်းအဓိပ္ပာယ်၊ ဓေတနသစ္စာဝရွှေန်း၊ မေတ္တာသုတ်တော်တန်ခိုးနှင့်ကိုယ်တွေ့ကြုံကြသူများ(၁)၊ ဆရာရွှေညဒေါင်းနှင့်ဖြစ်ရပ်ဆန်းအဖွဲ့ရာ ယံပေးသောတရွှေများ(၁)၊ ရုပ်တုလာဆင်းသည်နှင့်မဟာတ္တမဂ္ဂဇီစကားနိမိတ်များနှင့်အာဟာရ၊ သိမှတ်စရာဆေးနည်းတို့များ။ အောက်တိုဘာလအတွက်အယူတော်မင်္ဂလာဟောစာတမ်း၊ စွဲလမ်းမှုသံယောဇဉ်၊ ရေမန်းသုံးခွက်၊ နွေနွေးမှာတရွှေခြောက်ခံရခြင်း၊ ထိပေါက်မှာလား ကားမှောက်မှာလား၊ လက္ခဏာပညာရပ်၏ လူသိနည်းသောလက်ဖဝါးပြင် အရောင်အသွေးများ၊ ထိလပ်နတ် ထိလပ်ဓာတ်၊ ညီညွတ်ရေးကထာ(၂)၊ ရပ်စောက်မြို့နယ်ဓနလူပျိုလေးများ၏ချစ်ပန်းငင်ရန် ချစ်ငြိမ်းဆင်တေးများ၊ ပန်းကြောမှန်ပြောင်းထဲက ဟိန်းစိုးစတား နန်းညွန့်ရှိန်၊ နုနုရည်(အင်းဝ)၊ မောင်သင်းထုံ(ကျောက်မဲ)၊ အောင်ကျော်၊ ထက်နိုင်(တလုပ်မြို့)၊ ကြူးနစ်၊ ပေါ်ဂျာရစ်တို့၏ ရသဝတ္ထုတိုများဖြင့်

လေးမျက်နှာမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် စက်တင်ဘာ ၂၀

လေးမျက်နှာမြို့နယ်အသင်း၏ ဩဝါဒဆရာတော် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ တောရတပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)၏ ပဓာန နာယကဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရအား အမှူးထား၍ လေးမျက်နှာမြို့နယ်အသင်း(ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားနှင့် ဒုတိယအကြိမ် အသင်းတိုက်ဖြစ်မြောက်ရေး အလှူငွေပေးအပ်ပွဲကို ယင်းကျောင်း၌ စက်တင်ဘာ ၂၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးဘထွေး ဖုန်း-၆၉၉၀၀၃၊ ဒုတိယဥက္ကဋ္ဌ ဦးတင်စိုး ဖုန်း-၅၂၆၀၀၆၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးမြင့် ဖုန်း-၆၅၁၆၉၃၊ အတွင်းရေးမှူး ဦးမောင်မောင်သွင် ဖုန်း-၅၁၃၄၃၈၊ တွဲဖက်အတွင်းရေးမှူး ဦးသန်းဝင်း ဖုန်း-၀၉-၅၁-၂၁၄၄၉ တို့သို့ ကြိုတင်ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမည်ပြောင်း

အဖ ဦးအေးသိန်း၏သမီးဖြစ်သူ အထက လမိုင်းမြို့နယ်၊ ရေးမြို့၊ မွန်ပြည်နယ် အဌမတန်းမှ မမြတ်စုမွန်အား မမြတ်စုစံဟု ပြောင်းလဲခေါ်ပါရန်။ **မမြတ်စုစံ။**

ဖခင်အမည်မှန်

အထက(၂)မရမ်းကုန်း တက္ကသိုလ်ဝင်တန်း (C)မှ မောင်ကျော်ကျော်လင်း၏ဖခင်အမည်မှန်မှာ ဦးလွင်မောင်ဝင်း ၁၂/အစန(နိုင်)၁၀၆၀၂၅ ဖြစ်ပါသည်။ **ဦးလွင်မောင်ဝင်း။**

BBS U HLA BU'S TOEFL
Pretest Sept 24, တန်းသစ် Oct 4 စမည် ph 220403
၁၈ (A) ဦးလူနီလမ်း ၊ ကြည့်မြင်တိုင် ။ (သီတာရုံအနီး)

ချိပ်ပိတ်တင်ဒါ (Sealed Tender) များခေါ်ယူခြင်း

၁။ တောင်ကြီးတက္ကသိုလ်တွင် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	စက္ကူနှင့်စာရေးကိရိယာပစ္စည်း	1 Lot
၂။	ပရင်တာနှင့်မိတ္တူကူးစက်ဆက်စပ်ပစ္စည်း	1 Lot

၂။ တင်ဒါပိတ်ရက်မှာ (၂၇-၉-၂၀၀၇) (၁၆:၃၀)နာရီဖြစ်ပြီး တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူရေးကော်မတီ
တောင်ကြီးတက္ကသိုလ်၊ ၀၈၁-၂၁၀၂၄။

ကျေးဇူး ဆပ်ပါမည်

အရှင်ပညာဇေ၏ နိုင်ငံကူးလက်မှတ် အမှတ် (၈၇၄၄၂၇)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ **ဖုန်း-၀၈၅-၃၃၇၇၅၉၀။**

အများသိစေရန် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဂျိုးဖြူလမ်း၊ တိုက်-အေ၊ အမှတ် ၂၃/၂၄၊ အခန်း ၅၊ အဘဦးရဲထွဋ်၊ အမိ ဒေါ်ခင်ဆွေလေး၏သား မောင်လင်းခိုင်ထွဋ် မှတ်ပုံတင်အမှတ် ၁၂/မဂတ(နိုင်)၀၇၈၇၉၉နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ တိုက်-၉၊ အမှတ် ၁၀/အေ အဘဦးကြည်လွင်၊ အမိ ဒေါ်စီဟုန်ငွန်ယင်း၏သမီး မဝေဝေ မှတ်ပုံတင်အမှတ် ၁၂/ဒဂန(နိုင်)၀၂၂၈၄၅တို့သည်(၂၀-၉-၂၀၀၇)ရက်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ်၊ ဒုတိယမြို့နယ် တရားသူကြီးဦးမင်းသော်ထွေးရှေ့မှောက်၌ နှစ်ဦးသဘောတူ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးခဲ့ပါသည်။

သို့ပါ၍ ကျွန်မ မဝေဝေနှင့် မောင်လင်းခိုင်ထွဋ်တို့သည် မည်သို့မျှ မသက်ဆိုင်တော့ပါ။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့သည် ကျွန်မနှင့် မပတ်သက်တော့ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မဝေဝေ ၁၂/ဒဂန(နိုင်)၀၂၂၈၄၅

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

၂၀-၉-၂၀၀၇ ကိုထွေး - စုစည်းတင်ဆက်သည်

ပြည်နယ်နှင့် တိုင်း ဝူရှူးပြိုင်ပွဲကျင်းပမည်

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ဒုတိယအကြိမ် ဝူရှူးအားကစားပြိုင်ပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ဆန်းဆို အားကစားနည်းနှင့် ထောက်လုအားကစားနည်းတို့အတွက် တံခွန်စိုက်ဒိုင်းဆုတစ်ခုစီနှင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုချီးမြှင့်မည်ဖြစ်သည်။

ဆန်းဆိုအားကစားနည်း၌ အမျိုးသားပွဲစဉ်များအဖြစ် ၄၅၊ ၅၂၊ ၅၆၊ ၆၀၊ ၆၅၊ ၇၀ နှင့် ၇၅ ကီလိုတန်းတို့ ပါဝင်မည်ဖြစ်ပြီး အမျိုးသမီးပွဲစဉ်များအဖြစ် ၄၅၊ ၄၈၊ ၅၂၊ ၅၆နှင့် ၆၀ ကီလိုတန်းတို့ ပါဝင်မည်ဖြစ်သည်။

ထောက်လု အားကစားနည်း၌ အသက်(၁၂)နှစ်အောက်တွင် ကစားနည်း ခုနစ်မျိုး၊ အသက်(၁၂)နှစ်တွင် ကစားနည်း ၁၀ မျိုး ပါဝင်မည်ဖြစ်သည်။

ပထမအကြိမ် ဝူရှူးပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲ၌ မန္တလေးတိုင်းက ပထမ၊ အမျိုးသမီးပြိုင်ပွဲ၌ ရန်ကုန်တိုင်းက ပထမရရှိပြီး စွယ်စုံတံခွန်စိုက်ဒိုင်းဆုကို မန္တလေးတိုင်းကရရှိခဲ့သည်။

၂၀၀၇-၂၀၀၈ ဘောလုံးရာသီအမှတ်ပေးပြိုင်ပွဲများယှဉ်ပြိုင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇-၂၀၀၈ ခုနှစ် ဘောလုံးရာသီ အမှတ်ပေးဘောလုံးပြိုင်ပွဲများကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

အဆင့်မြင့်တန်း

အောင်ဆန်းအားကစားပြိုင်ကွင်း၌ အဆင့်မြင့်တန်းအမှတ်ပေးပွဲစဉ်အဖြစ် မြို့တော်စည်ပင်အသင်းနှင့် ဆောက်လုပ်ရေးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်သွားသည်။

ပထမတန်း

စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်း၌ ပထမတန်းအမှတ်ပေးပွဲစဉ်အဖြစ် တပ်မတော်(လေ)အသင်းနှင့် သတ္တုတွင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်(လေ)အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ဒုတိယတန်း

ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ဒုတိယတန်းအမှတ်ပေးပွဲစဉ်အဖြစ် ဘောဂီဗိုက်တာအသင်းနှင့် လမ်းမတော်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တစ်ဖက်သုံးဂိုးစီ သရေပွဲဖြစ်သွားသည်။

တတိယတန်း

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ တတိယတန်းအမှတ်ပေးပွဲစဉ်အဖြစ် K.S.S အသင်းနှင့် ကြယ်ပွင့်လေးများ (ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ K.S.S အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယှဉ်ပြိုင်

စက်တင်ဘာ ၂၁ ရက် (**ယနေ့**) ညနေ ၄ နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော အားကစားကွင်းများ၌ အဆင့်မြင့်တန်းပွဲစဉ်အဖြစ် ပြည်ထဲရေးအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ ပထမတန်းပွဲစဉ်အဖြစ် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းအသင်းနှင့် Sara အသင်း၊ ဒုတိယတန်းပွဲစဉ်အဖြစ် ကြယ်ပွင့်လေးများ (က)အသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်း၊ တတိယတန်းပွဲစဉ်အဖြစ် မျိုးချစ်လူငယ်အသင်းနှင့် ငွေကြယ်ပွင့်လေးများအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပိုက်ကျော်ခြင်းဗိုလ်လုပွဲ ယနေ့ ယှဉ်ပြိုင်မည်

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်း စီစဉ်ကျင်းပသည့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ စတင်၍ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၂၁ ရက် (ယနေ့) **မွန်းလွဲ ၂ နာရီတွင် အမျိုးသား သုံးယောက်တွဲ ဗိုလ်လုပွဲ၊ အမျိုးသားနှစ်ယောက်တွဲ ဗိုလ်လုပွဲ၊ အမျိုးသမီးသုံးယောက်တွဲ ဗိုလ်လုပွဲနှင့် အမျိုးသမီး နှစ်ယောက်တွဲ ဗိုလ်လုပွဲစဉ်များကို ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။**

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)တွင် စက်တင်ဘာ ၉ ရက် မွန်းလွဲ ၂ နာရီ ၁၀ မိနစ်က ကစားဖော်များဖြစ်သော ဦးတင်ဇော်သီ၊ ဒေါက်တာမောင်မောင်အေး၊ ဦးညီညီလွင်တို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ဦးအေးဆောင်သည် ကျင်းအမှတ် (၈) (၁၄၆) ကိုက်ကွာမှ Srixon-2 ZUR - 5 ဘောလုံးအား Wilson-8 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရသည်။ **(က-ပ)**

မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကန်ဆောင်လမ်း ကျောက်ချောခင်းရန် ကျောက်စုဆောင်းထားရှိမှု အခြေအနေကို ဩဂုတ် ၂၄ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဦးခင်ကျော်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းလွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ကိုဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးလေဝသအခြေအနေ

၂၁-၉-၂၀၀၇

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် စက်တင်ဘာ ၂၀

စက်တင်ဘာ ၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် စက်တင်ဘာ ၁၉ ရက်ထုတ် ကြေးမုံသတင်းစာပါ သာသနာရေးဝန်ကြီးဌာနသို့ အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသတင်းတွင် သီရိသုမင်္ဂလာဓာတရေ ဦးတင်ဝင်း-သီရိသုမင်္ဂလာ ဒေါ်စန်းစန်းဝင်း (မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)၏ လှူဒါန်းငွေကို ငွေကျပ် ၁၀၈ သိန်းဟုလည်းကောင်း၊ အလှူရှင် သီရိသုမင်္ဂလာ ဒေါ်ဒေါ်ကျင်(မင်္ဂလာတောင်ညွန့်မြို့နယ်)၏ လှူဒါန်းငွေကို ငွေကျပ် ၁၀ သိန်းဟု လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

အလှူရှင်များဖြစ်ကြသည့် ဦးမြင့်လွင်-ဒေါက်တာလှလှကြည်၊ မနန္ဒီမောင်မောင်လွင်၊ မအေးနှင်းယု၊ မောင်စိုးသီဟ၊ (ဦးဝင်းနိုင်)-ဒေါ်မေမေယဉ်မိသားစုနှင့် Mr. Yeh Po Chin & Friendsမိသားစုတို့က စုပေါင်း၍ နှလုံးစမ်းသပ်စက်တစ်လုံးနှင့် ဆေးပစ္စည်းများ တန်ဖိုးငွေကျပ် ၁၄၅၄၀၀၀ ကို ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးသို့ စက်တင်ဘာ ၂၀ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာစမ်းစမ်းလှိုင်က ကျေးဇူးတင် ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (၃၅၂)

သပိတ်ကျင်းမြို့နယ် ဝက်သေကျေးရွာတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးဟန်၊ အမှုဆောင်အရာရှိ ဦးကျော်ချိုမျိုးမြင့်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်ဇင်ဇင်သက်တို့ စက်တင်ဘာ ၇ ရက်က ကျေးရွာရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

သာယာဝတီ၌ မြစ်ချောင်းအင်းအိုင်များအတွင်း ငါးမျိုးစိုက်ထည့်

သာယာဝတီ စက်တင်ဘာ ၁၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ စီစဉ်မှုဖြင့် ၂၀၀၇-၂၀၀၈ အတွက် သဘာဝမြစ်ချောင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၉ရက်က မင်းလှမြို့နယ်နှင့် မိုးညိုမြို့နယ်တို့၏ နယ်စပ်ရှိ ထန်းပင်ကုန်းတံတားအနီး မြစ်မခမြစ်(ဆုံရပ်)နေရာတွင် ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ သာယာဝတီခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်မြင့်၊ မင်းလှမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်းဦး၊ မိုးညိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေမောင်၊ မင်းလှမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်နိုင်ဦး၊ မိုးညို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်သန်းသန်း၊ လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းလွင်၊ အုတ်ဖိုငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ငါးမြစ်ချင်း၊ ငါးခုံးမကြီးနှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ ၂၇၇၀၀၀၀ ကို စုပေါင်းငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(ခရိုင် ပြန်/ဆက်)**

ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဩဂုတ် ၂၀ ရက်က ကြာအင်းဆိပ်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မိုးဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရွှေတောင်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်ပေး

ရွှေတောင် စက်တင်ဘာ ၉

ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာန၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စုကော်မတီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ စုပေါင်း၍ ကြာနီကန်ရပ်ကွက်နှင့် မီးလောင်အုပ်စုများသို့ ဩဂုတ် ၂၁ရက်က ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးလျက်ရှိရာ ပဲခူးတိုင်း(အနောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတိုင်းဦးစီးဌာနမှူး ဦးတင်အောင်နှင့် ခရိုင်ဦးစီးဌာနမှူး ဦးစိုင်းဘမင်းတို့က ကြည့်ရှုအားပေးခဲ့ကြပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲ လင်းခေး၌ကျင်းပ

လင်းခေး စက်တင်ဘာ ၁၄

လင်းခေး မြို့နယ် အေးချမ်း သာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခြံစည်းရိုး ကြက်ဆူ စုပေါင်းစိုက်ပျိုး ပွဲတော်ကို စက်တင်ဘာ ၁ ရက်က လင်းခေးမြို့အဝင် ဌာနဆိုင်ရာများ၏ အရိပ်ရပင် စိုက်ကွင်းတွင်ကျင်းပသည်။

အဆိုပါ စိုက်ကွင်း နေရာ၌ နယ်မြေခံ တပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အုန်းမြင့်နှင့် ဇနီးအဖွဲ့ဝင်များ၊ ခရိုင်ဥက္ကဋ္ဌဦးစန်းမြင့်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးတင် စိုးနှင့် အဖွဲ့ဝင်များက ခြံစည်းရိုး ကြက်ဆူပင်များကို ဦးစွာ စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံ ပြည်သူများကလည်း ခြံစည်းရိုး ကြက်ဆူပင်များကို စုပေါင်း စိုက်ပျိုးကြသည်။

အဆိုပါ စိုက်ပျိုးခဲ့ကြသည့် ခြံစည်းရိုးကြက်ဆူပင်မှာ စုစုပေါင်း အပင် ၆၀၀၀ကျော်ဖြစ်ပြီး လင်းခေးမြို့နယ်အနေဖြင့် ၂၀၀၇-၂၀၀၈ခုနှစ်အတွက်လျာထားချက် ကော၇၂၅၀ကို ပြည့်မီကျော်လွန်အောင် စိုက်ပျိုးမည်ဖြစ်ကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ကံမ ငွေစုငွေချေး သမဝါယမအသင်း ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာစည်းဝေး

ကံမ စက်တင်ဘာ ၁၀

ကံမမြို့နယ်အတွင်းရှိ ဝန်ထမ်းများ ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၆-၂၀၀၇ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၃၁ ရက်က ကံမမြို့ အခြေခံပညာ အထက်တန်းကျောင်း မြဝတီခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးတင်အောင်တို့က အမှာစကား ပြောကြားကြသည်။

တင်သွင်း

အစည်းအဝေးတွင် အသင်းဥက္ကဋ္ဌ ဦးသိန်းလွင်က သဘာပတိအဖြစ်ဆောင်ရွက်ပြီး အသင်းဒါရိုက်တာ အဖွဲ့က လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာတို့ကို တင်သွင်း၍ အသင်းသားများ၏ အတည်ပြုချက်ကို ရယူသည်။

ခွဲဝေ

ထို့နောက် အသင်းသား ၅၂၂ဦးတို့အား အစုပေါ်အမြတ်နှင့် စုဆောင်းငွေအပေါ် အတိုးငွေ ၃၅၄၈၈၅ကျပ်ကို အစည်းအဝေးအပြီး၌ တစ်ဦးချင်းခွဲဝေထုတ်ပေးကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အုတ်တွင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အုတ်တွင်းဈေးကြီးအတွင်းရှိ အသားရောင်းဆိုင်များနှင့် အသားရုံများအတွင်း ကျန်းမာသန့်ရှင်းသောအသားများ ရောင်းချမှု၊ အသားဈေးနှုန်း မှန်ကန်စွာရောင်းချမှုနှင့် အလေးချိန်ခွင် ပြည့်မီခြင်း ရှိ မရှိကို ဩဂုတ် ၂၉ရက်က အမှုဆောင်အရာရှိ ဦးတင်ရှိန်၊ ဒုတိယဦးစီးမှူးနှင့် ဈေးတာဝန်ခံတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (၃၁၆)

သံဖြူဇရပ်မြို့ အထက(၂) ပညာရည်ချွန်ဆုချီးမြှင့်ပွဲကျင်းပ

သံဖြူဇရပ် စက်တင်ဘာ ၈

သံဖြူဇရပ်မြို့ အထက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ရက်က အထက(၂) ရှင်စောပုခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ရွှေမိနှင့် အထက(၂)ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြင်သန်းတို့က အမှာစကား ပြောကြားပြီး ၂၀၀၆-၂၀၀၇ခု တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းတို့က ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် မိဘဆရာအသင်း အစည်းအဝေးကို ဆက်လက်ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးနှင့် မိဘဆရာအသင်းအမှုဆောင်များ၊ ကျောင်းသားမိဘများက နှစ်ပတ်လည်လုပ်ငန်း အစီရင်ခံစာများကို ညှိနှိုင်းဆွေးနွေးကြပြီး ပညာရည်ချွန်ဆုများကို ဆက်လက်ချီးမြှင့်ရာ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးက တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြို့နယ်အဆင့် တတိယရရှိခဲ့သော အထက(၂)ကျောင်းအား ဂုဏ်ပြုဆုတံဆိပ် ချီးမြှင့်သည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြံစည်းရိုးကြက်ဆူ တစ်အုပ်တစ်မ စိုက်ခင်း ငါးဧကကို မိတ္ထီလာမြို့နယ် မြင်းကန်ကျေးရွာတွင် စိုက်ပျိုး ဆောင်ရွက်ခဲ့ရာ ကြက်ဆူပင်များ ဖြစ်ထွန်းမှု အခြေအနေကို ဩဂုတ် ၆ ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)အနောက်ဘက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရွှေအုန်းပင်အိမ်ရာ တိုက်(၁၁/၃၄)နေ ဦးမင်းဆွေ-ဒေါ်လှလှဝင်းနှင့် သားသမီး၊ မြေးတစ်စုက အလှူငွေကျပ် တစ်သိန်းခြောက်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင်ဆရာတော် (ညောင်ခါးရှည်) အရှင်သုန္ဒရ (မွှာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြင်းခြံမြို့ သန့်ရှင်းလှပရေး ပန်းအလှပင်များ ပြုပြင်

မြင်းခြံ စက်တင်ဘာ ၁၀

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သန့်ရှင်းသာယာလှပရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၃ရက်က မြင်းခြံမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက် လမ်းဘေး ဝဲယာတွင် စုပေါင်းတံမြက်စည်းလှဲခြင်း၊ လမ်းလယ်ပန်းခုံများအတွင်း ပေါင်းမြက်ရှင်းလင်းခြင်း၊ ပန်းအလှပင်များပြုပြင်ခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများကို ဒုတိယဦးစီးမှူး(သန့်) ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန် ကုန် တိုင်း ဗ ဟန်း မြို့ နယ် အ မှတ် (၇၀) တက္ကသိုလ်ရိပ်သာလမ်းရှိ အင်းလျားဝေဠုဝန် ပရိယတ္တိစာ သင် တိုက် အတွင်းဆောက်လုပ်လျက်ရှိသော ပင်မသုံး ထပ် ကျောင်းဆောင်ကြီးအတွက် တာ မွေ မြို့ နယ် ကျောက်မြောင်း ၅၁ သတိပဋ္ဌာန် လမ်းနေ

ဗိုလ်မှူးကျော်ဝင်းအားရည်စူး၍ ဒေါ်တင်ရီနှင့် သားသမီး၊ မြေးတစ်စုတို့က ငွေကျပ် ၅၂၀၀၀၀ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဝေဠုဝန်နိကာယ ဗဟိုအကျိုးတော်ဆောင်ချုပ် ဆရာတော်ဘဒ္ဒန္တ အဂ္ဂဝံသ(အဂ္ဂမဟာပဏ္ဍိတ)ထံ ရေစက်ချအနုမောဒနာတရားနာယူပြီး ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလှထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ လင်းခေးခရိုင်၌ကျင်းပ

လင်းခေး စက်တင်ဘာ ၁၀

လင်းခေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ခရိုင်အဆင့်ပြိုင်ပွဲကို စက်တင်ဘာ၄ရက် နံနက်၉နာရီက လင်းခေးမြို့ နွယ်ဝတီခန်းမဆောင်၌ ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် အထကကျောင်းသား ကျောင်းသူများက အဆို၊ အက၊ အရေး၊ အတီးနှင့် မြန်မာ့မူမှန်သီချင်းတို့ဖြင့် သီဆိုကြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းမြင့်အောင်က အမှာစကားပြောကြားကာ ခရိုင်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆုချီးမြှင့်

ဆက်လက်၍ အဆိုပါပြိုင်ပွဲကို ကျင်းပရာ လင်းခေးခရိုင်အတွင်းရှိ မြို့နယ်နှင့်မြို့များမှ ပြိုင်ပွဲဝင်များက အဆို၊ အက၊ အရေး၊ အတီးကဏ္ဍအလိုက် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည်။ ထို့နောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား ည ၇နာရီတွင် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇ -၂၀၀၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးသော ကျေးရွာချင်းဆက် လိန့်ပင်ချောင်းတံတားတည်ဆောက်ပြီးစီးမှုကို ဩဂုတ် ၁၅ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးမျိုးနိုင်အောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိဦးတင်ဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဇော်လင်းအောင်တို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မူဆယ်မြို့၌ ကျန်းမာရေးအသိပညာပေးဟောပြော ခြင်ထောင်စိမ်ဆေးပြားနှင့် အိုင်အိုဒင်းဆား အခမဲ့ဖြန့်ဝေ

မူဆယ် စက်တင်ဘာ ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဝါဝါ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်ရီနှင့်အဖွဲ့ဝင်များသည် မြို့နယ်ဆရာဝန် ဒေါက်တာကျော်မြင့်ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ လိုက်ပါလျက် အသိပညာပေးဟောပြောပွဲများနှင့် ဆေးဝါးကုသမှုများကို ဩဂုတ် ၁၄ရက် နံနက်က မုံးပေါ်ကျေးရွာအုပ်စု၌ ကွင်းဆင်းဆောင်ရွက်ကြသည်။

အခမ်းအနားတွင် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက အမျိုးသမီးရေးရာသိကောင်းစရာ၊ လူကုန်ကူးမှုဆိုင်ရာများနှင့် ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို အသိပညာပေး ဟောပြော ဆွေးနွေးကြသည်။

ဆက်လက်၍ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါစသည့်ရောဂါများအကြောင်း သိကောင်းစရာများ ရှင်းလင်းဟောပြောပြီး သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ ကင်းဝေးစေရေးအတွက် ခြင်ထောင်ဆေးစိမ် နည်းများကို လက်တွေ့သရုပ်ပြသ၍ ခြင်ထောင်စိမ် ဆေးပြားများနှင့် အိုင်အိုဒင်းဆားများကို အခမ်းအနားသို့ တက်ရောက်လာသူများအားအခမဲ့ဖြန့်ဝေပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

တိုက်ကြီးမြို့ အထက (တိုက်ကြီး)၏ ၂၀၀၆-၂၀၀၇ မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲကို စက်တင်ဘာ ၂ရက်က အဆိုပါကျောင်း အနော်ရထာခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အုန်းမြင့်က တက္ကသိုလ်ဝင်တန်းစာမေးပွဲ(သိပ္ပံဘာသာတွဲ) ဘာသာစုံဂုဏ်ထူးရှင် မသစ်သစ်ဟန်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (က-ပ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နောင်ချိုမြို့နယ် သုံးဆယ်ကျေးရွာ ကျေးလက်ရေပေးရေးစက်ရေတွင်း ပိုက်ချပြုပြင်ဆောင်ရွက်မှုများကို အငယ်တန်းအင်ဂျင်နီယာ(၃) ဦးညွန့်ရွှေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းညှိနှိုင်း စည်းဝေး

တောင်ငူ စက်တင်ဘာ ၁၀

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၄ရက် နံနက် ၉နာရီက ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်စဝ်နွန်းခွန်ဆမ် တက်ရောက် အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဆွေညွန့်က အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသမီးရေးရာ အင်အားတိုးချဲ့ စည်းရုံးဆောင်ရွက်ရန်နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလဆန်း ၁၁ ရက်
၂၂-၉-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မောရသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ပန်းချစ်သူ (ခင်မောင်တိုး-မီမီဝင်းဖေ)
(၂) ချစ်တာသေချာတယ် (တိုနီသစ်လွင်-ရတနာဦး)
(၃) အရှိကို အရှိအတိုင်း (ချစ်ကောင်း-မေခလာ)

၁၉:၄၅ အာဆီယံအစီအစဉ်

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (မြောင်းမြမြို့နယ် ရော်ဘာစိုက်ပျိုးရေး)

၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) စောင့်ထိန်းကြကွယ် ဇာတိနွယ် (ခေါင်းကြီး)
(၂) သိက္ခာတရားနှင့် ချစ်ခြင်းများ (ဆောင်းပါးသရုပ်ဖော်)

၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၂:၁၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (လူမှုဝန်ထမ်းစိတ်)

၁၂:၄၅ (၂၁)ရာစု လူမှုဝေါဟာရများ မိတ်ဆက်-ဒုတိယပိုင်း(မောင်ဆုရှင်) Classics၊ Care၊ Archives၊ Drop-Out၊ Design၊

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (နဝမတန်း-ရူပဗေဒ၊ Heat)

ညနေပိုင်း

၁၆:၁၀ သိမှတ်စရာ မြန်မာစကားမြန်မာစာ

၁၇:၀၀ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)**

၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ

၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (နုပျိုချင်ရင်ဒါတွေစား-ဒေါက်ထွေး-ဆေး/မန်း)

၁၈:၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)

၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ဂရိတ်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ပုသိမ်ညိုမောင်၏ ရုပ်သေးမင်းသားတေးစီးရီး)

၂၀:၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)

၂၀:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) မိုးဒေဝါ (အေးဝမ်းတင်တင်လှ)
(၂) စကားပြောကောင်းတဲ့ မသည်းအူ (ကိုသန်းလှိုင်)
(၃) သဲကြီးမဲကြီး (ရီရီသန့်)

ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်း အသင်းဝင်များအား ဆန်နှင့်စာအုပ်များ ထောက်ပံ့

မန္တလေး စက်တင်ဘာ ၁၄

မန္တလေးအောင်မြေသာစံမြို့နယ်ပြည်ကြီးကျက်သရေ အနောက်ရပ်ကွက် ချမ်းမြေ့ရောင်းဝယ်ရေး သမဝါယမအသင်းမှ အသင်းဝင်များအားဆန်နှင့် စာအုပ်ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၄ရက် နံနက် ၉နာရီက ၂၂ လမ်းနှင့် ၈၆လမ်းထောင့်ရှိ သမဝါယမအသင်းလီမိတက်တွင် ကျင်းပသည်။

ရှေးဦးစွာ ဒါရိုက်တာဥက္ကဋ္ဌ ဦးဘကြည်က အမှာစကားပြောကြားပြီး စာရင်းကိုင် တာဝန်ခံ ဦးထွဏ်းလှအောင်က အသင်းသားများ အကျိုး ဆောင်ရွက်ပေးခြင်းနှင့်အသင်းသားတစ်ဦးစီအား ရွှေဘို မနောဆန်တစ်ပြည်နှင့် ဗလာစာအုပ် ခြောက်အုပ် ထောက်ပံ့ပေးအပ်ခြင်းကို ရှင်းပြကာ ဒါရိုက်တာဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသင်းဝင် ၄၄ဦးတို့အား တစ်ဦးချင်းထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

(ယာပုံ) (၁၆၂)

မိုးရာသီ သစ်ပင်စိုက်ပွဲအခမ်းအနား လွိုင်ကော်၌ကျင်းပ အပင်များ ပြုစုပျိုးထောင်ရန် နည်းစနစ်များရှင်းလင်း

လွိုင်ကော် စက်တင်ဘာ ၂

ကယားပြည်နယ် သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၀၇ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ ရက်က လွိုင်ကော်မြို့ တက္ကသိုလ် ပင်မဆောင်ရှေ့၌ ကျင်းပသည်။

ရည်ရွယ်ချက်

ရှေးဦးစွာ ပြည်နယ်သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဒင်က သစ်ပင်များ စိုက်ပျိုးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်မြိုင်က သစ်ပင်များ စိုက်ပျိုးရန်နှင့် အပင်များရှင်သန်ရေးပြုစုပျိုးထောင်ရန် နည်းစနစ်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်ကြည်တို့က သစ်ပင်များ စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက သစ်ပင်များ စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

စိုက်ပျိုးပေး

အဆိုပါ သစ်ပင်စိုက်ပွဲတွင် ခရေ၊ ပိတောက်၊ ရေတမာ၊ ကံ့ကော်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ စိန်ပန်းလေး၊ ပနားမားငု၊ မယ်ဇလီ၊ ထင်းရှူးနှင့် ခါတော်မိစသည့် သစ်ပင် ၁၅၄၆ ပင်ကို စိုက်ပျိုးပေးခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

စည်ပင်သာယာရေးလုပ်ငန်းများ ဒုတိယညွှန်ကြားရေးမှူးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး

ပြည် စက်တင်ဘာ ၁၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့်အဖွဲ့သည် ဩဂုတ် ၁၁ ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်မှုအောက်ရှိ မြို့နယ်များသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ရှေးဦးစွာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်၊ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးဝင်းကျော်မျိုး တို့လိုက်ပါလျက် ပြည်မြို့နယ်စည်ပင် သာယာရေးအဖွဲ့ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံပြီး စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ စည်းမျဉ်းစည်းကမ်း ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

စစ်ဆေး

ထို့နောက် ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြစ်ရေတင် လုပ်ငန်း ရေစစ်ကန်သို့ သွားရောက်၍ ရေပေးဝေခြင်းကို စစ်ဆေးခြင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊စက်၊ ယန္တရားများ နှင့် ဘူးခါးမြောင်းရေဆိုး ထုတ်စက်ရုံမှ ရေဆိုးစွန့်ထုတ်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ဆက်လက်၍ နဝင်းရေဆိုးထုတ်စက်ရုံမှ ရေဆိုးများ စွန့်ထုတ်မှု၊ ပျိုးဥယျာဉ်များ စိမ်းလန်းစိုပြည်ရေးနှင့်သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ရတနာမာန်အောင် စက်ရေတွင်းမှ ရေပေးဝေမှုတို့ကို ဩဂုတ် ၁၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ရာ အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် အင်ဂျင်နီယာမှူး ဦးထွန်းထွန်းဇော်တို့က ဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်း တင်ပြကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ဩဂုတ် ၂၀ရက်က ထားဝယ်မြို့ ဗထူးပန်းခြံအတွင်းရှိ ပျိုးဥယျာဉ်တွင် ပျိုးပင်များပျိုးထောင်ထားမှု အခြေအနေကို တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ထားဝယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးညွန့်လှိုင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

လည်ပင်းကြီးရောဂါ ပပျောက်ရေးအတွက် မတ္တရာမြို့မဈေး အိမ်သုံးဆား အရောင်းဆိုင်များ အိုင်အိုဒင်းပါဝင်မှု အရည်အသွေး စစ်ဆေး

မတ္တရာ စက်တင်ဘာ ၁၂

တိုင်းကျန်းမာရေးဦးစီးဌာန၏ လည်ပင်းကြီးရောဂါ ပပျောက်ရေးအတွက် အိုင်အိုဒင်းဆား သုံးစွဲမှု အခြေအနေကို စက်တင်ဘာ ၇ရက် နံနက် ၁၀နာရီက မတ္တရာမြို့ မြို့မဈေး ကြီးအတွင်း အိမ်သုံးဆား အရောင်းဆိုင်များ အိုင်အိုဒင်း အရည်အသွေးပြည့်မီမှု ရှိ၊မရှိကို မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဇံနှင့် သားသတ်ရုံမှူး ဦးခင်ဇော်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊မြို့နယ်ကျန်းမာရေးဌာနမှဦးစီးမှူးများ၊ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များ စုပေါင်း၍ အိုင်အိုဒင်းပါဝင်မှု ရှိ၊မရှိ ကွင်းဆင်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ *(အောက်ပုံ)*

(မြို့နယ်စည်ပင်)

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်သော အုန်းပင်စု ကျေးရွာအုပ်စု အုန်းပင်စု ကျေးရွာနှင့် ကံစုကျေးရွာ ကျောက်ချောလမ်း ခင်း ရန် ကျောက်စုဆောင်းမှုကို ဩဂုတ် ၂၅ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်စိုးက ရှင်းလင်းတင်ပြစဉ်။ (ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)

လှိုင်းဘွဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မောင်ငြိမ် ဦးဆောင်၍ လှိုင်းဘွဲ့မြို့ပေါ်ရှိ စာသင်ကျောင်းများ အတွင်းအပြင်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်ဆေးဖျန်းမှုကို ဩဂုတ် ၁၆ရက်က ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးရွာရေရရှိရေး ကွင်းဆင်းဆောင်ရွက်

သိန်းနီ စက်တင်ဘာ ၉

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးရွာတိုင်း ရေရရှိရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကောင်းဟော်ကျေးရွာတွင် စက်ရေတွင်းကို တပ်ဆင်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါ ဆောင်ရွက်ပြီးစီးခဲ့သော စက်ရေတွင်းသို့ ဩဂုတ် ၁၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးမျိုးဇော်နှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဒေါ်စိုးစိုးထွဏ်းတို့က စက်ရေတွင်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော အင်ဂျင်ပန့်များ လည်ပတ်နိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဥပဒေပညာပေးဟောပြောပွဲ ရေဦးမြို့နယ်၌ ကျင်းပ

ရေဦး စက်တင်ဘာ ၁၆

ရေဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ရက် ညနေ ၃နာရီက ရေဦးမြို့နယ် ထန်းတောကျေးရွာ (အမက)၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးခင်ထွန်းက တက်ရောက်အမှာစကား ပြောကြားပြီး မြို့နယ်တရားသူကြီး ဒေါ်ခင်စိမ်းဝင်းနှင့် ဥပဒေအရာရှိ ဦးမြင့်လွင်ဦးတို့က တရားဥပဒေစိုးမိုးရေးနှင့် ဥပဒေပညာပေးရေးဆိုင်ရာများကို ဟောပြောဆွေးနွေးကြသည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း)**

ရွှေကျင်၌ ချောင်းနှင့်အင်းများအတွင်း ငါးမျိုးစိုက်ထည့်

ရွှေကျင် စက်တင်ဘာ ၁၄

သဘာဝသယံဇာတ ထိန်းသိမ်းခြင်းနှင့် ငါးမျိုးများ တိုးပွားလာစေရန် ရည်ရွယ်လျက် ပဲခူးတိုင်းငါးလုပ်ငန်းဦးစီးဌာန၏ စီမံဆောင်ရွက်မှုဖြင့် ရွှေကျင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက အနောက်ဘက်ချောင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အခမ်းအနားသို့ ရွှေကျင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး အနောက်ဘက်ချောင်းနှင့် ဂရန်အင်းများအတွင်းသို့ ငါးမြစ်ချင်းငါးသိန်းနှင့် မြက်စားငါးကြင်းငါးသိန်း စုစုပေါင်း ၁၀ သိန်း စိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)** (၃၂၉)

ပဲခူးတံတားနှင့် ဒဂုံတံတားတည်ဆောက်ရေး စီမံကိန်းများ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ကြည့်ရှုစစ်ဆေး အရည်အသွေးပြည့်ဝကောင်းမွန်အောင် ဆောင်ရွက်ရန်မှာကြား

ရန်ကုန် စက်တင်ဘာ ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၁၉ ရက် ညနေပိုင်းက တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၂)က တာဝန်ယူတည်ဆောက်လျက်ရှိသော ပဲခူးတံတားတည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိရာ ဝန်ကြီးနှင့် တာဝန်ရှိသူများအား တာဝန်ခံအင်ဂျင်နီယာမှူး ဦးခင်မောင်ဆွေက ပဲခူးတံတားလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပံ့ပိုး

ဝန်ကြီးက တံတားလုပ်ငန်းများ၏လုပ်ငန်းများကို အဖွဲ့ခွဲ ဆောင်ရွက်ရန် လိုအပ်သည့် စက်ယာဉ်ယန္တရားများ အကျိုးရှိရှိအသုံးပြု နိုင်ရေးတို့ကိုမှာကြားပြီး လိုအပ်ချက်များ ဖြည့်ဆည်းပံ့ပိုးပေးသည်။

ဝန်ကြီးနှင့် အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁)က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဒဂုံတံတားတည်ဆောက်ရေးစီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဝန်ကြီးနှင့် အဖွဲ့အား တာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က တံတားကြီး ရာနှုန်းပြည့်ပြီးစီးမှုနှင့်အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

သတ်မှတ်ချိန်အမီ

ဝန်ကြီးက တံတားကြီးကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်၍ သတ်မှတ်ချိန်အမီ အချောသပ်လုပ်ငန်းများ သေသပ်ကောင်းမွန်အောင် ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဒဂုံတံတားသည် သံကူကွန်ကရစ် R.C.D ဘိုးပိုင်အုတ်မြစ်နှင့် ကြိုတင်အားဖြည့်ကွန်ကရစ်ရက်မနှင့် သံကူကွန်ကရစ်တံတား အမျိုးအစား ဖြစ်ပြီး စုစုပေါင်းအရှည်ပေ ၄၅၄၀ နှင့် ယာဉ်သွားလမ်းအကျယ် ၇၂ ပေ ရှိသည့် ယာဉ်ခြောက်လမ်းသွားနှင့် လူသွားလမ်းတစ်ဖက်လျှင် ခြောက်ပေစီ နှစ်ဖက်ပါရှိ၍ ယာဉ်တစ်စီးချင်းခွင့်ပြုအလေးချိန် ၇၅ တန်ဖြစ်သည်။

စနစ်တကျ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တံတားကြီးပေါ်သို့ မော်တော်ယာဉ်များဖြင့် တက်ရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက တာဝန်ရှိသူများအား တံတားကြီးကို သတ်မှတ်ချိန်အမီ အရည်အသွေးပြည့်ဝ ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ရန် လမ်းအလွှာလိုက်ခင်းကြိတ်၍ လမ်းအရည်အသွေး ထိန်းကွပ်ရေးအဖွဲ့များနှင့် စနစ်တကျလုပ်ကိုင်ရန်တို့ကို မှာကြား၍ လုပ်ငန်း လိုအပ်ချက်များ ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပဲခူးတံတား တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

မက္ကဆီကိုနိုင်ငံသို့ မုန်တိုင်းတစ်ခု ဦးတည်ရွေ့လျားနေ

❒ **မက္ကဆီကိုနိုင်ငံသို့ ဦးတည်၍ စက်တင်ဘာ ၂၀ ရက် နံနက်ပိုင်းက ဟာရီကိန်းမုန်တိုင်းတစ်ခု ရွေ့လျားလာလျက်ရှိကြောင်း၊ ၎င်းမုန်တိုင်းသည် ပစိဖိတ်သမုဒ္ဒရာတောင်ပိုင်းမှ စတင်ရွေ့လျားလာခြင်း ဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ အဆိုပါမုန်တိုင်းသည် တစ်နာရီလျှင် မိုင် ၉၀ နှုန်းဖြင့် ရွေ့လျားလျက်ရှိရာ နောက်ထပ် ၃၆ နာရီအတွင်း မက္ကဆီကိုနိုင်ငံနှင့် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အစိတ်အပိုင်းအချို့သို့ ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း အမေရိကန် အမျိုးသားဟာရီကိန်းဌာနက သတင်းထုတ်ပြန်ထားသည်။**



❒ **အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားကမ်းလွန်၌ စက်တင်ဘာ ၂၀ ရက်က ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲက အင်အားရစ်ချ်တာစကေး ၆ ဒသမ ၆ ရှိသော အင်အားပြင်းငလျင်တစ်ခု လှုပ်သွားကြောင်း၊ ဆူနာမီသတိပေးချက်များ မထုတ်ပြန်ကြောင်း၊ အဆိုပါငလျင်လှုပ်မှုကြောင့် စင်ကာပူနိုင်ငံတွင် ငလျင်လှုပ်ရှားမှုဒဏ် အနည်းငယ်ခံရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

မိုးရွာသွန်းလေသမျှ (၂၀-၉-၂၀၀၇)

နေပြည်တော်	၀	ဒသမ	၁၉	လက်မ
ရေး	၉	ဒသမ	၄၅	လက်မ
သထုံ	၄	ဒသမ	၅၇	လက်မ
ကိုကိုးကျွန်း	၃	ဒသမ	၆၇	လက်မ
ရန်ကုန်မြို့လယ်	၁	ဒသမ	၅၀	လက်မ

မိုးလေဝသအခြေအနေ

(၂၁-၉-၂၀၀၇)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ တိုက်ကြီးနှင့် စစ်ကိုင်းမြို့နယ်တို့မှ ပါတီဝင် ၂၃ ဦး နုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၂၀

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သရက်ချောင်းကျေးရွာနေ ဦးလှိုင်ကြူ၊ ဦးမြင့်အောင်၊ ဦးမောင်မောင်အေးတို့သုံးဦးနှင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော မင်းကွန်းကျေးရွာနေ ဦးကောင်းဦး၊ ဦးကြာဘော်၊ ဦးသိန်းဇော်၊ ဦးဝင်းနောင်၊ ဦးထွန်းထွန်းဦးတို့အပါအဝင် ပါတီဝင် ၂၀ တို့သည် စက်တင်ဘာ ၇ ရက်တွင် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်းနုတ်ထွက်စာများ ရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

တိုက်ကြီးမြို့နယ်နှင့် စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲတို့သို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိသဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**